ပုဗ္ဗာစ ပုဗ္ဗနေယျာနံ့ တော့ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၉)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ စတုတ္ထနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၆

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲခင်းကျင်းပြသရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ပြသရာ

စာမျက်နှာ ၉ ကော်လံ ၃ ●

မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်လိုလားချက်နှင့်အညီ ဆရာဆရာမများက ပြုစုပျိုးထောင် ခေတ်မီပညာတတ်ကျွမ်းရုံမျှမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရင့်သန်ခိုင်မာစေရန်လေ့ကျင့် အမျိုးသားရေးလမ်းကြောင်းမှန်ဖြစ်သော လုပ်ငန်းစဉ်ကြီးခုနစ်ရပ်အောင်မြင်ရေး ပူးပေါင်းပါဝင် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ထိန်းသိမ်း

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း တံတားဦးရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးမြို့တော်ကြီးကို သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီးဖြစ်ထွန်းလာအောင် စနစ်တကျမွမ်းမံ မြို့တော်နေပြည်သူများ လူနေမှုအဆင့်မြင့်မားရေး ကဏ္ဍစုံတိုးတက်အောင်စီမံဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့် အခမ်းအနားကို တက်ရောက်ကြပြီး နံနက် ၁၀ နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများကကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး) မွမ်းမံပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ဗဟိုအမျိုးသမီးဆေးရုံစစ်ဆေး

ယင်းနောက် မြန်မာ့စက်ရုံနှင့်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) အဆောက်အအုံများ၏ အကွက်ချပုံစံ၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ရောဂါရှာဖွေရေး၊ သားဖွား သင်တန်းကျောင်း၊ သူနာပြုဆောင်၊ အစည်းအဝေးခန်းမ၊ လူနာဆောင်(မီးယပ်ရောဂါ)၊ လူနာဆောင်(မမွေးဖွားမီ)၊ လူနာဆောင်(မွေးဖွားပြီး)၊ အုပ်ချုပ်မှုဆောင်နှင့် ဆရာဝန်ဆောင်များ အဆင့်မြှင့်မွမ်းမံပြီးစီးမှု၊ မွေးခန်းနှင့် ခွဲစိတ်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ မွေးကင်းစကလေးများဆောင် တည်ဆောက်မည့်အစီအစဉ်တို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူနာများစိတ်အေးချမ်းသာဖြစ်ရေးအတွက် ဆေးရုံပရဝုဏ် စိမ်းလန်းသာယာလှပရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ အဆင့်မြှင့်မွမ်းမံ တည်ဆောက်ပြီးဖြစ်သည့်

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

နိုင်ငံတကာအလယ်၌ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာရပ်တည်နိုင်ရေး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ လျှောက်လှမ်းနိုင်စေရန်ပျိုးထောင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ စက်မှု၊သတ္တု၊စွမ်းအင်စသည့် စီးပွားရေးစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ ပညာရေး၊ ကျန်းမာရေး၊လူမှုရေးကဏ္ဍများမှာပါ အနာဂတ်အမျိုးသားရေးအကျိုးစီးပွားကို မျှော်မှန်းသည့် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်”** လမ်းညွှန်ခဲ့သည်။ ယင်းသို့လမ်းညွှန်ခဲ့သည့်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် အကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်လုပ်ငန်းများနှင့်ချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်ပညာရေးစီမံကိန်းကို စတင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်သည်။

မိမိနိုင်ငံ၊မိမိလူမျိုးနိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာ တိုးတက်မြင့်မားအောင်ဖော်ဆောင်ရေးတွင် ယနေ့ကျောင်းသူကျောင်းသား လူငယ်လူရွယ်များကို ခေတ်မီ အသိပညာ၊အတတ်ပညာများ တတ်ကျွမ်းရုံမျှမက မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး မိမိနိုင်ငံ၊မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာ စွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်အခမ်းအနားကို ဇန်နဝါရီ၅ရက်နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌-

“အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အနာဂတ် တည်တံ့ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာ့အလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသူကျောင်းသား လူငယ်လူရွယ်များကို နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာစွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအား၊ လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ဖို့သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း”

ပြောကြားသွားသည်။

အမျိုးသားရေးလိုအပ်ချက် ပီပြင်ပြည့်ဝစွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးတွင် မျိုးဆက်သစ်လူငယ်များကို မူလတန်းအရွယ် ကျောင်းသူကျောင်းသားဘဝကစတင်ပြီး တက္ကသိုလ်ကောလိပ်ကျောင်းများမှ ဘွဲ့ဒီဂရီရရှိသည်အထိ လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် အခြေခံပညာ ဆရာဆရာမများ၊ တက္ကသိုလ်နှင့်ကောလိပ်ဆရာဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးပါလှပေသည်။

၂၁ရာစုသို့ ကူးပြောင်းဝင်ရောက်နေသည့် ယနေ့အချိန်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် မှန်းဆမရနိုင်သည့်အရှိန်အဟုန်ဖြင့် တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲနေသည်။ ယင်းသို့ တိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်၌သာ ရပ်တန့်မနေဘဲ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး၊ ကာကွယ်ရေး၊ယဉ်ကျေးမှုစသည့်အခြားသောဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍ အသီးသီးကိုပါ တွင်ကျယ်လွှမ်းမိုးပြီး အပြန်အလှန်ဆက်စပ် ပြောင်းလဲဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့်ပင် ပညာရှင်များအပိုင်းက မိမိတို့သက်ဆိုင်ရာပညာရပ်နယ်ပယ်အတွင်း၌သာ နစ်မြုပ်မြုပ်နှံနေ၍ မရနိုင်တော့သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ်ကောလိပ်များမှ ဆရာ ဆရာမများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာရပ်တည်နိုင်ရေးတို့အတွက် မျိုးဆက်သစ်လူငယ်များ၏ ပဓာနကျသောအခန်းကဏ္ဍကိုသိမြင်ပြီး မိမိတို့၏ တပည့် ကျောင်းသူကျောင်းသားလူငယ်များကို အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းနိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှု စစ်ဆေး

ဒီဇင်ဘာ ၃၀ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ညောင်ဦး မြို့နယ် ငါ့သရောက် ရဲစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်ထဲရေး)

အရှင်အာစာရာလင်္ကာရ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ သာမဏေကျော်၊ ဓမ္မာစရိယ၊ ပဋ္ဌာနိကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ (ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ) သာသနာပြု ဓမ္မကထိကဆရာတော်အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဇန်နဝါရီ ၇ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၇၁) ရပ်ကွက် ဗဟိုစည်ဈေးရှေ့ တိပိဋကပူဇော်ပွဲဓမ္မသဘင်၊ ဇန်နဝါရီ ၈ ရက်နံနက်တွင် အင်းစိန်မြို့ ဒေါ်သန်းသိက္ခာထပ်ဓမ္မသဘင်၊ ၈ ရက် ညတွင် မြောက်ဥက္ကလာပ (၂)ရပ်ကွက် ဓမ္မသဘင်၊ ၉ ရက် ညတွင် သာကေတ မာန်ပြေ (၃)ရပ်ကွက်မာရဝိဇယ ဓမ္မသဘင်၊ ၁၀ရက်နှင့် ၁၁ ရက် ညတွင် မြောင်းမြမြို့ ဓမ္မသဘင်၊ ၁၂ ရက် ညတွင် လှည်းကူးမြို့ သက်ကြီးပူဇော်ပွဲဓမ္မသဘင်၊ ၁၃ရက်နှင့်၁၄ ရက် ညတွင် ကျုံပျော်မြို့ ဗုဒ္ဓပူဇနိယပွဲတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့်ဆက်သွယ်လိုပါက စစ်ကိုင်းရွှေဟင်္သာ ဖုန်း-၀၇၂-၂၂၁၇၀၊ ၂၁၁၆၉၊ ရန်ကုန် ဖုန်း-၀၁-၆၅၁၁၈၄၊ မယ်တော်ကြီး အမှတ် ၂၇/က အောင်မေတ္တာလမ်းသွယ်(၁-နောက်)အောင်သစ္စာလမ်းမ ကုလားကျောင်းမှတ်တိုင် သမိုင်းလမ်းဆုံအနီး မရမ်းကုန်း ရန်ကုန်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၃ရက်က လှိုင်သာယာမြို့နယ် အလက (၃) ပညာရေးစုံညီပွဲတော် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဇေမာန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်၊ မိဘ ဆရာများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးစဉ်။

(က-ပ)

နက္ခတ်ပညာနှင့် သင့်ကံကြမ္မာ

ရန်ကုန် ဇန်နဝါရီ ၆

နက္ခတ္တာရောင်ခြည်မဂ္ဂဇင်းစာတည်းအဖွဲ့က စီစဉ် ထုတ်ဝေသည့် ၁၂ရာသီဖွားများအတွက် နက္ခတ်ပညာဖြင့် တွက်ချက်အဟော ထုတ်ထားသည်။ ၂၀၀၄ခုနှစ်အတွင်း စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကိစ္စများကို ခုနှစ်ရက်စီဟောဆိုထားသည့် စာအုပ်ဖြစ်သည်။ **(အပေါ်ပုံ)** **(က-ပ)**

ဇန်နဝါရီ ၃ရက်က အလက(၃) လှိုင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသူလေးများ၏ အကသရုပ်ဖော် တင်ဆက်ပြသရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းနှင့် ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေးကြစဉ်။(က-ပ)

စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်း (အထက-၂ လမ်းမတော်) နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်(စနေနေ့)ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ကန်တော်မင်ပန်းခြံအတွင်းရှိ ရှမ်းကန်စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် မိတ်ဆုံစားပွဲလက်မှတ်များကို အသင်း အမှုဆောင်များနှင့် အသင်းတိုက် Johnian Cafe ဖုန်း-၂၁၁၆၇၁ တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

သီတဂူတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ (သပိတ်အိုင်တောရ သဲကုန်းဆရာတော်) သီတဂူဆရာတော် အရှင်ဉာဏိဿရ အရှင်မြတ်သည် ဇန်နဝါရီ ၈ ရက် ညတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် အားကစားကွင်း ဓမ္မသဘင်ခန်းမတွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့၌ တည်ဆောက်နေသော တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ကိုယ်ဝန်သည်လူနာဆောင်၊အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ခာတ်ခွဲစမ်းသပ်ဆောင်၊ ဓာတ်မှန်ဆောင်၊မီးယပ်လူနာဆောင်၊မွေးဖွားပြီးလူနာဆောင်နှင့်မွေးခန်းနှင့် ခွဲစိတ်ဆောင် တည်ဆောက်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆင့်မြင့်မြို့တော်တည်ဆောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်မြင့်မြို့တော်ဆေးရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းကြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။ ထို့မှတစ်ဆင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဖွဲ့စည်းပုံနှင့် ခန့်ထားပြီး ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေ၊ အဆင့်မြင့်မြို့တော် ဆေးရုံပြုပြင်မွမ်းမံမှုနှင့်ပတ်သက်၍နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ၂၀၀၃ ခုနှစ် ဇူလိုင် ၇ ရက် မန္တလေးခရီးစဉ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ရွှေတချောင်းနှင့်သင်္ဘောချောင်းသန့်ရှင်းမှုရှိစေရန် ဆောင်ရွက်မှု၊ စက်မှုဇုန်မှ ထွက်ရှိသောရေဆိုးများကို Waste Stabilization Pond ခြောက်ခုအတွင်း စွန့်ပစ်စေ၍ ရေဆိုးညစ်ညမ်းမှု



ပမာဏလျော့ကျအောင် ဆောင်ရွက်ပြီး စွန့်ပစ်မှု၊ မိလ္လာသန့်စင်မှုလုပ်ငန်း၊ မိလ္လာသန့်စင်စက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေပေးရေးစနစ်အရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအထိ စက်ရေတွင်းပေါင်း ၃၀ ရှိပြီး နေ့စဉ် ရေဂါလန် ၂၄ သန်းခန့် ဖြန့်ဝေပေးနေမှု၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ရန် စီစဉ်ထားမှု၊ ရေပိုက်စနစ်မရှိသော မြို့နယ်များတွင် ရေတွင်း ၂၁ တွင်းတူးဖော်ပြီး ရေဖြန့်ဝေပေးနေမှု၊ မန္တလေးမြို့တော် ရေတိုးချဲ့ပေးဆောင်နိုင်ရန်ဆောင်ရွက်နေမှု၊သန့်ရှင်းရေးစနစ်အရ ရပ်ကွက်၊ ဈေး၊ ဆေးရုံ၊ ဌာနများ၏ အမှိုက်နှင့်အညစ်အကြေးများ စွန့်ပစ်မှု၊ သိမ်းဆည်းနေမှု၊ မြို့စိမ်းလန်းစိုပြည်ရေး အစီအစဉ်အရ မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပမှု၊ ကန်တော်ကြီးဒေသ၊ မြို့တော်လမ်းမကြီးများ၊ ကမ်းနားလမ်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက မန္တလေးမြို့တော်

စာမျက်နှာ ၇ ကော်လံ ၁

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)

မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အစိုးရနည်းပညာကောလိပ် (မန္တလေး)

မန္တလေးမြို့ အစိုးရနည်းပညာကောလိပ် (မန္တလေး) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



7-1 (3).p65 1 3/28/05, 10:42 PM

ဇန်နဝါရီ ၅ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့ လမ်းမကြီးတစ်ခုတွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်များနှင့် တိုက်ခိုက်ရေးသမားများတိုက်ပွဲဖြစ်ပွားစဉ်

အီရတ်ရဲငါးဦး အမေရိကန်တို့ပစ်ခတ်မှုကြောင့်ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် တိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ရေးသမားများကို ပြန်လည်ပစ်ခတ်ခဲ့သည်။ ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်တို့ ပစ်ခတ်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရပြီး ဘာကူဘာမြို့ တောင်ဘက်ရှိ ဘိုရုဇ်တွင် ဆေးရုံတင်ထားကြောင်း ရဲအရာရှိ မူဟာမ်မက်အီဘရာဟင်က ပြောကြားသည်။

တိုက်ခိုက်ရေးသမားများသည် စနေနေ့ ၂၀၀၀ဂျီအမ်တီ၌ ဘိုရုဇ်ရဲစခန်းအနီး၌ အမေရိကန်ကင်းလှည့်အဖွဲ့ကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ရာ တပ်ဖွဲ့ဝင်များက ပြန်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

ဖြစ်ပွား

နောက်ပိုင်း၌ အမေရိကန်စစ်ဘက်က ဘာကူဘာတွင် စနေနေ့ညဉ့် ရဲငါးဦးဒဏ်ရာရကြောင်း အတည်ပြုပြောခဲ့သော်လည်း တိုက်ခိုက်မှုသည် ၁၆၃၀ဂျီအမ်တီ၌ ဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် မြို့တွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောဆိုသည်။

ဆေးရုံတက်

တိုက်ခိုက်ရေးသမားများနှင့် အပြန်အလှန်ပစ်ခတ်စဉ် ရဲငါးဦးဒဏ်ရာရခဲ့ကြောင်း၊ လေးဦးမှာ ဒဏ်ရာအနည်းငယ်သာရကြောင်း တပ်ကြပ်တစ်ဦးက ပြောကြားသည်။ အီရတ်ရဲတစ်ဦးမှာ ဆေးရုံတက်နေဆဲဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

ရဟတ်ယာဉ်ပျက်ကိုစောင့်ကြပ်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များအား

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၆

ဘဂ္ဂဒက်အနောက်ဘက်တွင် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းကို တိုက်ခိုက်ရေးသမားများက ယမန်နေ့တွင် ပစ်ချခဲ့ပြီး မကြာမီ၌ တိုက်ခိုက်ရေးသမားများသည် သတင်းစာဆရာများဟန်ဆောင်ကာ ရဟတ်ယာဉ်ပျက်ကို စောင့်ကြပ်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို လက်နက်ငယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ကြကြောင်း အမေရိကန် သတင်းရုပ်ကွက်များက ပြောဆိုခဲ့ကြသည်။

တိုက်ခိုက်

ထိုသို့ ရဟတ်ယာဉ်ပျက်ကျခဲ့ပြီးနောက် စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ကြသူများသည် အနက်ရောင် အပေါ်အင်္ကျီများကို ဝတ်ဆင်ထားကြပြီး အင်္ကျီပေါ်၌ သတင်းစာဆိုသောစာလုံးကို အင်္ဂလိပ်လို ရှင်းလင်းပြတ်သားစွာ ရေးသားထားသည်ဟု ဆိုသည်။ တိုက်ခိုက်ရေးသမားများက သတင်းစာဆရာများ ဟန်ဆောင်ပြီး ယခုကဲ့သို့ တိုက်ခိုက်ခြင်းကို ပထမဆုံးအကြိမ် မိမိကြားရခြင်းဖြစ်ကြောင်း ဗိုလ်မှူးချုပ် ကင်မ်မစ်ဆိုသူက ပြောကြားသည်။

သေဆုံးခဲ့

တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်အနောက်ဘက်ဒေသ နေရာအနှံ့တွင် ယခင်ကလည်း အမေရိကန် ရဟတ်ယာဉ်များကို ပစ်ချခဲ့ကြသည်။ အီရတ်ကို ကျူးကျော်ခဲ့ချိန်မှစပြီး အမေရိကန်တပ်များကို တစ်ကြိမ်တည်းနှင့် အများဆုံးသေဆုံးအောင်တိုက်ခိုက်ခြင်းမှာ အမေရိကန်ဘလက်ဟော့ခ် ရဟတ်ယာဉ်နှစ်စင်း တိုက်မိရာမှပျက်ကျပြီး တပ်ဖွဲ့ဝင် ၁၇ဦး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

အမေရိကန်တို့က ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယမန်နေ့ညတွင် ပြောက်ကျားများရှိမည်ထင်ရသော ဘဂ္ဂဒက်မြို့ ဝန်းကျင်ဒေသများကို အမေရိကန်တပ်များက အမြောက်များဖြင့် ပစ်ခတ်သဖြင့် ပေါက်ကွဲသံများ ပဲ့တင်ထပ်ခဲ့သည်။ **(အင်တာနက်)**

အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှု

အီရတ်အမျိုးသမီးနှင့်ကလေးငယ်တို့ သေဆုံး

တီကရစ် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ၏ မြောက်ပိုင်း တီကရစ်မြို့တွင် အမေရိကန်ယာဉ်တန်းသွားနေစဉ် ကားတစ်စီးက ကျော်တက်ရန် ကြိုးပမ်းစဉ် အမေရိကန်စစ်သားများက ပစ်ခတ်ခဲ့ကြသဖြင့် ကလေးတစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် လူလေးဦးသေဆုံးခဲ့ရသည်ဟု ရဲဘက်ဆိုင်ရာ သတင်းများက ဆိုသည်။

အသက်ဆုံးရှုံး

ပစ်ခတ်ခြင်းခံရသောကားမှာ မီးခိုးရောင်ချက်ဗလက် အမျိုးအစားဖြစ်ပြီး သေနတ် ၂၇ချက် ထိမှန်သွားကာ ထိုယာဉ်နှင့်လိုက်ပါလာသူ ကိုးနှစ်အရွယ် ကလေးတစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် စုစုပေါင်း လူလေးဦး အသက်ဆုံးရှုံးသွားရကြောင်း တီကရစ်မြို့၏ ရဲအကြီးအကဲဗိုလ်မှူးကြီး အူစမာအင်ဟမ်အဗ္ဗဒယ်ဂဖား က ပြောကြားသည်။ (အင်တာနက်)

ခပရစ်ယာဉ် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်

ရေရှိနိုင်ခဲ့သော အထောက်အထားရှာဖွေမည်

နယူးယောက် ဇန်နဝါရီ ၅

နာဆာအဖွဲ့က လွှတ်တင်ထားသော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်သည် အင်္ဂါဂြိုဟ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စပရစ်စက်ရုပ်ယာဉ်သည် အင်္ဂါဂြိုဟ်၏ လေထုအတွင်း တစ်နာရီလျှင် ကီလိုမီတာ နှစ်သောင်းနှုန်းဖြင့် ကျဆင်းသွားကာ ငါးမိနစ်ကြာမြင့်သည့် ခရီးစဉ်အတွင်း အခက်အခဲအမျိုးမျိုးနှင့် တွေ့ကြုံနိုင်သည့်အတွက် သုတေသီများက စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသည်။

ဝင်ရောက်

အာကာသယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်အနီး အရောက်၌ တစ်ပတ်လှည့်ခဲ့ကာ အပူကာကို အသုံးပြုပြီး လေထုအတွင်းသို့ ဖောက်ဝင်ရောက်သွားခဲ့သည်။

လေအိတ်များနှင့် ဒုံးပျံများကို အသုံးပြုကာ ဆင်းသက်ခဲ့ပြီး ဂြိုဟ်မျက်နှာပြင်ပေါ်မှာ အကြိမ်များစွာ ခုန်ပြီးမှ ရပ်တန့်သွားခဲ့သည်။

အချက်ပြ

ခြောက်မိနစ်ကြာ ငြိမ်သက်နေပြီးမှ ကမ္ဘာမြေပြင်သို့ အချက်ပြမှု စတင်ဆောင်ရွက်ခဲ့သည်။

ယခု အာကာသယာဉ်ကို နာဆာအဖွဲ့က စီစဉ်ခဲ့သည်မှာ လေးနှစ်ကြာမြင့်ပြီး ခရီးစဉ်ကာလမှာ ခုနစ်လကြာမြင့်ကာ အင်္ဂါဂြိုဟ်ပေါ်၌ လွန်ခဲ့သည့်နှစ် သန်းပေါင်းများစွာက ရေရှိနိုင်ခဲ့သော သက်သေ အထောက်အထားများကို ရှာဖွေမည် ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ပြုပြင်

ဇန်နဝါရီ ၅ ရက်က တီကရစ်မြို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် အခြားပစ်ခတ်တိုက်ခိုက်မှုများကို ကာကွယ်နိုင်ရန် စစ်သုံး မော်တော်ယာဉ်တစ်စီး ပြုပြင်နေသည်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၅ ရက်က တီကရစ်မြို့ အဆောက်အအုံတစ်ခုရှေ့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စားသောက်ဆိုင် ကားဗုံးဖောက်ခွဲခံရပြီးနောက်ပိုင်း ဘဂ္ဂဒက်အခြေအနေ ပိုတင်းမာလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

နှစ်သစ်ကူးအကြိုနေ့က ဘဂ္ဂဒက်ရှိလူစည်ကားသော စားသောက်ဆိုင်တစ်ဆိုင်၌ ကားဗုံးဖောက်ခွဲ မှုကြောင့် လူရှစ်ဦးသေဆုံးခဲ့ရပြီးချိန်မှစပြီး ဘဂ္ဂဒက်မြို့တွင်း အခြေအနေသည် ပိုတင်းမာလာခဲ့သည်။

ဘဂ္ဂဒက်မြို့၌ တိုက်ခိုက်ရေးသမားများ၏ ယခုတိုက်ခိုက်မှုသည် နည်းစနစ်သစ်ဖြစ်သည်ဟု အမေရိကန်စစ်တပ်မှ မာ့ခ်ကင်မက်ဆိုသူ ဗိုလ်မှူးချုပ်တစ်ဦးက ပြောကြားသည်။

ပြောဆို

ယခုကဲ့သို့ နာဘီလ်စားသောက်ဆိုင်ကို တိုက်ခိုက်မှုမျိုးသည် အရပ်ဘက်ပစ်မှတ်တစ်ခုကို အမှန်တကယ်ပင် ပထမဆုံးအကြိမ် အကြီးအကျယ် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ၎င်းကပြောဆိုသည်။

တိုက်ခိုက်

သီးခြားတိုက်ခိုက်မှုတစ်ခုသည် ရာမာဒီမြို့အနီး၌ သောကြာနေ့ကဖြစ်ပွားခဲ့သေးရာ လောင်စာဆီယာဉ်တန်းတစ်ခု တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ထိုတိုက်ခိုက်မှု၌ လူသုံးဦး ဒဏ်ရာရခဲ့သည်။

တိမ်းမှောက်

ဘဂ္ဂဒက်မြို့၏ ဆင်ခြေဖုံး၌လည်း အမေရိကန်ဟမ်းဗီးစစ်ယာဉ်တစ်စီးကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ဟမ်းဗီးယာဉ်တိမ်းမှောက်သွားပြီး အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အီရတ်နောက်ပိုင်းတွင် ပြောက်ကျားများက ရထားတစ်စင်းကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့်လည်း ရထားလမ်းချော်တိမ်းမှောက်ခဲ့သည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ အအေးလှိုင်းကျရောက် သေဆုံးသူ ၅၀ ကျော်ရှိပြီး လူ ၂၀၀ ဆေးရုံတက် အခြေအနေ ဆက်လက်ဆိုးရွားနိုင်ဟုဆို

ဒါကာ ဇန်နဝါရီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် အအေးလှိုင်းကျရောက်မှုကြောင့် သေဆုံးသူစုစုပေါင်းသည် ၅၀ ရှိသွားပြီဖြစ်ကြောင်းနှင့် ရာသီဥတုအခြေအနေမှာ နောက်ထပ်သုံးရက်မှ လေးရက်အထိ ဆက်လက် ဆိုးရွားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည့်အတွက် သေဆုံးသူ တိုးပွားလာနိုင်ကြောင်း ဒါကာမြို့ထုတ်သတင်းစာများတွင် စနေနေ့က ရေးသားဖော်ပြသည်။

အပူချိန်ကျဆင်း

အပူချိန် ၉ ဒီဂရီဆဲလ်ဆီးယပ်စ် (၄၈ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်)အထိ ကျဆင်းခဲ့သည့် နိုင်ငံ အနောက်မြောက်ပိုင်းခရိုင်များတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဆင်းရဲသားများနှင့် အိုးအိမ်မဲ့အများစုအပါအဝင် အနည်းဆုံး လူ ၃၀ ခန့် သေဆုံးခဲ့ရသည်။

ဆေးရုံတက်

အအေးပြင်းထန်သည့်အတွက် လူ ၂၀၀ ကျော် ဆေးရုံတက်ရောက်ကုသနေရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းစာများက ပြောဆိုရေးသားဖော်ပြကြသည်။

သတိထားခုတ်မောင်း

ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသည့်အတွက် ဘတ်စ်ကားများနှင့် ရထားများမှာ ဂရုတစိုက် သွားလာခုတ်မောင်းနေကြရသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်နိုင်ငံလုံခြုံရေးထိန်းမနိုင်သိမ်းမရဖြစ်မှု အီရတ်လူမျိုးတို့ စိုးရိမ်ပူပန်မှုများ ပိုမိုလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စားသောက်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးသွားပြီး လူနှစ်ဆယ်၊ သုံးဆယ်ခန့် ဒဏ်ရာရရှိခဲ့သည်။

သေဆုံးသူ ငါးဦးစလုံးသည် အီရတ်လူမျိုးများဖြစ်ကြောင်း သက်ဆိုင်ရာကပြောကြားခဲ့သည်။ ပေါက်ကွဲမှုကြောင့် နာဘီလ်စားသောက်ဆိုင် လုံးဝပျက်စီးသွားခဲ့သည့်နည်းတူ အခြားအဆောက်အအုံ သုံးလေးလုံးခန့်လည်း ပျက်စီးသွားခဲ့သည်။ အပျက်အစီးများထဲမှ အသက်ရှင်နိုင်သူများကို သက်ဆိုင်ရာအဖွဲ့များက ရှာဖွေခဲ့သည်။

ပိုက်စိပ်တိုက်ရှာဖွေ

ဗုံးပေါက်ကွဲချိန်၌ ပြည်ပမှာ နေထိုင်ခဲ့သူများအပါအဝင် အနည်းဆုံး လူ ၃၀ ခန့် စားသောက်ဆိုင်ထဲတွင် ရှိနေသည်ဟု မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာနေရာကို ပိတ်ဆို့ပြီးဖြစ်နိုင်ခြေရှိသော ဖောက်ခွဲရေးပစ္စည်းများကို ပိုက်စိပ်တိုက် ရှာဖွေခဲ့သည်။

ယခုဖြစ်ပွားသော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်အပေါင်းပါများ အီရတ်နိုင်ငံတွင် လုံခြုံရေးထိန်းမနိုင်သိမ်းမရဖြစ်နေသည့်အတွက် စိုးရိမ်မှုများပိုမိုလာစေသည်။

သွေးထွက်သံယိုမှုများဖြစ်ပွား

ဤအတောအတွင်း ရေနံထွက်ရှိရာ ကယ်ကွတ်မြို့၌ ဗုဒ္ဓဟူးနေ့က သွေးထွက်သံယိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူငါးဦးသေဆုံးပြီး နှစ်ဆယ်ခန့်ဒဏ်ရာရရှိသည်။ အဆိုပါဖြစ်ရပ်များအဆုံးသတ်သွားစေရန် အီရတ်ကြားဖြတ်အစိုးရအဖွဲ့က ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြားဖြတ်အစိုးရအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဟာခင်မ်ကပြောကြားခဲ့ကြောင်းသိရသည်။

(စီအင်န်အင်န်)

အီရတ်နိုင်ငံကယ်ကွတ်မြို့တွင် ကန်တပ်များဝင်ရောက်ဖမ်းဆီး

တီကရစ်(အီရတ်) ဇန်နဝါရီ ၅

လွန်ခဲ့သည့် သီတင်းပတ်၌ လူခြောက်ဦးသေဆုံးခဲ့သော ပဋိပက္ခမှုဖြစ်ပွားရာ ရေနံကြွယ်ဝသည့် ကယ်ကွတ်မြို့တွင် ကာ့ဒ်ပါတီအဖွဲ့ အစည်းများ၏ ရုံးများကို အမေရိကန်တပ်ဖွဲ့ဝင်များက အတင်းဝင်ရောက်စီးနင်းခဲ့ကြသည်ဟု တာဝန်ရှိသူများက တနင်္ဂနွေနေ့၌ ပြောကြားသည်။

စနေနေ့ညတွင် ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များက အတင်းဝင်ရောက်စီးနင်းပြီး ကာဒစ္စတန် ဒီမိုကရက်တစ်ပါတီ(ကေဒီပီ)၏ အဆင့်မြင့်အဖွဲ့ဝင်တစ်ဦးကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု ဆိုသည်။

ထို့ပြင် အီရတ်ရှိ ကာ့ဒ်လူနည်းစုကို ကိုယ်စားပြုသော ကေဒီပီရုံးနှင့် ကာဒစ္စတန်မျိုးချစ်သမဂ္ဂရုံးတို့ကိုလည်း အမေရိကန်တပ်ဖွဲ့ဝင်များက အတင်းဝင် စီးနင်းခဲ့ကြသည်ဟု သိရသည်။

(အမ်အင်အေ၊ ဆင်ဟွာ)

ဖော်လူဂျာအနီး အမေရိကန်ရဟတ်ယာဉ်ပစ်ချခံရမှု ပထမဆုံးအမျိုးသမီးလေယာဉ်မောင်း သေဆုံးခဲ့ရ

ကိုလံဘီယာ ဇန်နဝါရီ ၅

ဖော်လူဂျာမြို့အနီးတွင် ရန်သူတို့၏ ပစ်ခတ်ခံရပြီး အိုအိပ်ချ်-၅၈ ကီအိုဝါ ရဟတ်ယာဉ် သောကြာနေ့က ပျက်ကျခဲ့ရာ၌ အမျိုးသမီး ဗိုလ်ကြီးကင်မ်ဘာလီဟမ်တွန်(၂၇)နှစ်သေဆုံးသွားခဲ့ကြောင်း သူမ၏ မိဘများက စနေနေ့၌ ပြောကြားသည်။

သူမသည် အီရတ်၌ ပထမဆုံးသေဆုံးသော အမျိုးသမီးလေယာဉ်မောင်း ဖြစ်လာခဲ့သည်။ အဆိုပါရဟတ်ယာဉ်ပျက်ကျခဲ့ရာ၌ အခြားလေယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရခဲ့သည်။

ဗိုလ်ကြီးကင်မ်ဘာလီဟမ်တွန်၏ ရဟတ်ယာဉ် ဒုံးကျည်ထိမှန်ခံရကြောင်းကို မျက်မြင်တွေ့ရှိသူများက မိမိတို့အား ပြောပြကြောင်း ဟမ်တွန်၏ မိဘများက ပြောကြားသည်။

ယင်းကီအိုဝါရဟတ်ယာဉ်သည် လူနှစ်ဦး မောင်းနှင်ပျံသန်းရပြီး ထောက်လှမ်းရေးနှင့် စူးစမ်းလေ့လာရေးအတွက် ရည်ရွယ်သည်။ ထို့ပြင်အပါချီ တိုက်ခိုက်ရေး ရဟတ်ယာဉ်များအတွက် မကြာခဏ ပစ်မှတ်အဖြစ် အသုံးပြုခံရသည်။

(အင်တာနက်)

ဇန်နဝါရီ ၅ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာရှိ ဘာဆာရာမြို့၌ ဆန္ဒပြမှုတစ်ရပ် ဖြစ်ပွားရာတွင် အီရတ်တစ်ဦးအား ဖမ်းဆီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားများကနည်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော သီးခြားတိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၃ ရက်တွင် အမေရိကန်စစ်ဘက်ကပြောကြားခဲ့ပြီး ထိပ်တန်း တပ်မှူးတစ်ဦးက အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှု ပို၍ခေတ်မီလာနိုင်စရာရှိကြောင်း သတိပေးထားသည်။

ဒဏ်ရာရ

အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်၏ တောင်ဘက်တွင် သောကြာနေ့က ကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့ဝင်များကို ပြောက်ကျားများက တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များ ဒဏ်ရာရခဲ့ကြောင်း စစ်ဘက်ပြောခွင့်ရှိအမျိုးသမီးက ဘဂ္ဂဒက်၌ပြောကြားသည်။

သေဆုံး

ဘာလက်အနီးရှိ အမေရိကန်အခြေစိုက်စခန်းတစ်ခုကို သောကြာနေ့ညပိုင်းက စိန်ပြောင်းဖြင့်ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရကြောင်း အမှတ်(၄) ခြေမြန်တပ်မပြောခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံ တစ်ဝန်း၌ ပြောက်ကျားများက အမေရိကန် တပ်ဖွဲ့ဝင်များကို နည်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်လျက်ရှိရာ ယင်းသို့တိုက်ခိုက်မှုကြောင့် အီရတ်၌ စစ်ပွဲစသည့်အချိန်မှစပြီး တိုက်ပွဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၃၁ဦးထိ ရှိသွားပြီဖြစ်သည်။

(အင်တာနက်)

အီရတ်မြောက်ပိုင်း ကယ်ကွတ်မြို့၌ ပစ်ခတ်မှုဖြစ်ပွား အီရတ်လူမျိုးနှစ်ဦးနှင့် တူရကီတစ်ဦး ဒဏ်ရာရရှိ

ကယ်ကွတ် ဇန်နဝါရီ ၅

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံလုပ်ငန်းအချက်အချာမြို့ဖြစ်သော ကယ်ကွတ်မြို့တွင် မငြိမ်မသက် ဆူဆူပူပူအခြေအနေပေါ်ပေါက်နေသည်။ ထိုအခြေအနေတွင် နှစ်နေရာ၌ ပစ်ခတ်မှုဖြစ်ပွားရာ အီရတ်နိုင်ငံသား အာရပ်လူမျိုးနှစ်ဦးနှင့် တူရကီလူမျိုးတစ်ဦးတို့ ဒဏ်ရာရရှိသွားကြကြောင်း ရဲဘက်သတင်းများကဆိုသည်။

စနေနေ့စောစောပိုင်း နံနက် ၇ နာရီ မိနစ် ၄၀ခန့် အချိန်က အာရပ်နှစ်ဦးသည် ကင်းလှည့်နေသော ရဲကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်ရန်ကြိုးစားသည့်အတွက် ရဲများက ပစ်ခတ်ခဲ့ကြကြောင်း၊ထိုနှစ်ဦးမှာဒဏ်ရာအနည်းငယ်စီ ရရှိသွားသဖြင့်ဆေးရုံသို့တင်ထားရပြီးလက်နက်များသိမ်းဆည်းထားလိုက်ကြောင်း ရဲအရာရှိ ရှာဇဒ်ရီဖတ်ကာဒါက ပြောကြားသည်။ ယခုတိုက်ခိုက်မှုသည် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သောမငြိမ်မသက်မှုနှင့် ဆက်စပ်နေကြောင်း ကာဒါက ဆက်လက်ပြောကြားခဲ့သည်။ ထိုနေ့က ကယ်ကွတ်မြို့တွင်ကာ့ဒ်လူမျိုးများက တစ်ဖက်၊ အာရပ်နှင့်တူရကီလူမျိုးများကတစ်ဖက် အချင်းများခဲ့ကြပြီး ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ၎င်းပစ်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ရသည်။

ပျက်ပြားလုနီးပါး

ထို့အပြင် ကာ့ဒ်နှင့်အာရပ်များ၊ တူရကီများအကြားသဘောတူထားသော အပစ်အခတ်ရပ်စဲရေးမှာလည်း ပျက်ပြားလုနီးပါး စိန်ခေါ်ခံနေရသည့်အဆင့်သို့ ရောက်နေပြီဟု ဆိုသည်။

ဒဏ်ရာရ

အခြားအဖြစ်အပျက်တစ်ခုတွင် တူရကီနိုင်ငံရေးပါတီအဆောက်အအုံကို ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရသည့်အတွက် ထိုရုံးစောင့်မှာဒဏ်ရာရရှိခဲ့ရကြောင်း ကယ်ကွတ်မြို့၏ရဲဘက်အကြီးအကဲ ဗိုလ်မှူးကြီးအဒ်ဘယ်လာအာရစ်က ပြောကြားသည်။

တိုက်ခိုက်ခဲ့

ထို့အပြင် မည်သူမည်ဝါမှန်း မသိရသူတစ်ဦးက အာရပ်ခေါင်းဆောင် ဆာဘာဇီဒိန်း၏အိမ်ကို လက်ပစ်ဗုံးနှင့်တိုက်ခိုက်ခဲ့သေးသော်လည်း ဗုံးမှာထိမှန်ခြင်းမရှိကြောင်း သိရသည်။

အမိန့်ထုတ်

ထိုမြို့တွင် မငြိမ်မသက်ဖြစ်ပေါ်မှုများကို ဟန့်တားရန်အတွက် အမေရိကန်စစ်ဘက်က သောကြာနေ့မှစ၍ ကယ်ကွတ်တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားလိုက်သည်ဟုဆိုသည်။ **(အင်တာနက်)**

ဖော်လူဂျာမြို့ပြင်၌ ပစ်ချခံခဲ့ရသောအမေရိကန်ရဟတ်ယာဉ် အောက်တိုဘာလမှစပြီး ဆဋ္ဌမမြောက်ပစ်ချခံရခြင်းဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၅

ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ဇန်နဝါရီ ၃ရက်က ကင်းလှည့်အဖွဲ့ဖြတ်သွားခိုက် တိုက်ခိုက်ရေးသမားများက ဗုံးဖောက်ခွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့သည်။

ဘဂ္ဂဒက်မြောက်ဘက်ကီလိုမီတာ ၈၀ခန့်ရှိ ဘာလက်မြို့အနီးတွင် အမေရိကန် အခြေစိုက်စခန်း တစ်ခုကို ယမန်နေ့ညက တိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင် တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရခဲ့သည်။ ထိုတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရာ အီရတ်၌စစ်ပွဲစတင်သည်မှ တိုက်ပွဲတွင် သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၃၃၁ ဦးထိရှိသွားပြီဖြစ်သည်။ ထိုတိုက်ခိုက်မှုများသည် ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာမြို့ပြင် တွင် အမေရိကန်ရဟတ်ယာဉ်တစ်စင်းကို ပြောက်ကျားတို့က ပစ်ချခဲ့ပြီး နောက်တစ်နေ့၌ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခုပစ်ချခံရသောရဟတ်ယာဉ်သည် အောက်တိုဘာလမှ စပြီး အီရတ်တိုက်ခိုက်ရေး သမားများက ပစ်ချခဲ့သည့် ဆဋ္ဌမမြောက်ရဟတ်ယာဉ်ဖြစ်သည်။

ယခုနောက်ဆုံး ပစ်ချခံရသော ရဟတ်ယာဉ်မှာ မြေပြင်သို့ကျမလာမီ ဒုံးကျည်တစ်စင်းထိမှန်ခံရကြောင်း ရဟတ်ယာဉ်ပျက်ကျမှုကို မျက်မြင်တွေ့သည့် ရဲတစ်ဦးကပြောဆိုသည်။

(အင်တာနက်)

ဇန်နဝါရီ ၄ ရက်က အင်္ဂလန်၌ ပြုလုပ်သည့် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်နှင့် အက်စတွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်ယူမှ ပေါလ်စခိုး ပထမဂိုး သွင်းလိုက်စဉ်။ (ယင်းပွဲတွင် မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်

ဇန်နဝါရီ၅ ရက်က တီကရစ်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်တိုက်ခိုက်လာမည့်အန္တရာယ် အမေရိကန်တွင် သတိပေးတပ်လှန့်ထားနေရဆဲ

ဝါရှင်တန် ဇန်နဝါရီ ၅

၂၀၀၃ ခုနှစ် ကုန်ဆုံးသွားပြီဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုသည် အယ်ခိုင်ဒါအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်လာနိုင်မှုအတွက် သတိပေးတပ်လှန့်ထားရဆဲဖြစ်သည်။ ယခုလိုအခြေအနေမျိုး ထုတ်ပြန်ထားရခြင်းသည် သမ္မတဘုရှ်က အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ ကြေညာခဲ့ပြီးနောက်ပိုင်း နှစ်နှစ်ကျော်ခန့်ရှိသွားပြီ ဖြစ်သည်။

ရှိနေဆဲ

အကြမ်းဖက်အဖွဲ့များနှင့် ဆက်နွှယ်မှုရှိသည်ဟု သံသယရှိသူအချို့ကို ဖမ်းဆီးနှိမ်နင်းလျက်ရှိသည်ဆိုသော်လည်း အယ်ခိုင်ဒါအကြမ်းဖက်အဖွဲ့၏ရန်မှာ ရှိနေဆဲဖြစ်သည်။

တိုးမြှင့်ထား

၂၀၀၃ခုနှစ်အတွင်း အမေရိကန်မြေပေါ်၌ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ် အောင်မြင်ခြင်း တစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း သတိပေးတပ်လှန့်မှုက တိုးမြှင့်ထားဆဲဖြစ်သည်။ ထောက်လှမ်းရေးအရာရှိများက ပြောကြားရာတွင် ၎င်းတို့ရရှိထားသော သတင်းအချက်အလက်များအရ အယ်ခိုင်ဒါအဖွဲ့သည် အမေရိကန်ပြည်ထောင်စုကို ဖျက်ဆီးရန် ကြိုးစားမြဲ ကြိုးစားဆဲဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

လျှင်အပျက်အစီးကြား ကိုးရက်ကြာအသက်ရှင်နေသည့် အသက် ၉၇ နှစ်အရွယ်ရှိ အီရန်ဘွားသက်ပြင်း

တီဟီရန် ဇန်နဝါရီ ၅

အီရန်နိုင်ငံ၌ ငလျင်ဒဏ်ခံရသော ဘမ်းဒေသ၏ အပျက်အစီးပုံများအကြားမှ ရက်ပေါင်းကိုးရက်အကြာတွင် အသက်၉၇ နှစ်အရွယ် အဘွားအိုတစ်ဦးအား အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များက လူသေအလောင်းများကို ဖော်ထုတ်စဉ် အဆိုပါ အဘွားအိုအား ရေပိုက်အောက်ရှိ ချိုင့်တစ်ခုအတွင်း စောင်ခြုံလျက် အိပ်လျက်သားတွေ့ရှိခဲ့သည်။ တွေ့ရှိချိန်၌ အဆိုပါအဘွားအိုက သိပ်ချမ်းပြီး အစာစားချင်ကြောင်း ပြောကြားခဲ့သည့်အပြင် ခေါင်းကိုက်နေသည့်အတွက် ဆေးပေးရန်လည်း တောင်းခံခဲ့သည်။ အဘွားအို သည် သာမန်အားနည်းခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းစသည်များသာ ခံစားရခဲ့ပြီး အခြေအနေကောင်းမွန်ကြောင်း ဆရာဝန်များက ပြောကြားသည်။ **(စီအင်န်အင်န်)**

စာမျက်နှာ ၃ မှ

စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည့် လမ်းမကြီးများ၊ မြို့တွင်းလမ်းများ၊ မြို့ပတ်လမ်းများ၊ လမ်းသွယ်များ၊ ရပ်ကွက်တွင်းလမ်းများ အဆင့်မြင့် မွမ်းမံထားမှု၊ ၅၂ ဒသမ၄ မိုင်ရှိ မြို့ပတ်လမ်းကြီးကို အပိုင်းလိုက် ကတ္တရာခင်း ပြီးစီးမှု၊ ရွှေကျင်ချောင်းကူးတံတား အမှတ်(၁) နှင့် အမှတ်(၂)၊ အောင်ချမ်းသာတံတား တည်ဆောက်ထားမှု၊ ကန်တော်ကြီး ပတ်လမ်း ဖောက်လုပ်ထားမှု၊ ကန်တော်ကြီးဒေသကို မြို့လူထု အပန်းဖြေနေရာဖြစ်စေရန် ဆောင်ရွက်နေမှု၊ ရေတံခွန်တောင် ဒေသနှင့် ရေမျက်ကြီးအင်းတွင် ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် ကြက်၊ ဝက်၊ ငါးနှင့်ပုစွန် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ ခေတ်မီဈေးချိုတော် ပလာဇာ ကွန်ဒိုမီနီယံ ၂၅ ထပ် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စနစ်တကျအကောင်အထည်ဖော်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင်—

မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်နှင့် ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့တော်တို့ကို နိုင်ငံတကာမြို့တော်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးများအဖြစ် တင့်တင့်တယ်တယ် တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီတို့ကို ဖွဲ့စည်းပေးပြီး လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိကြောင်း။

စနစ်တကျစီမံဆောင်ရွက်

မန္တလေးမြို့တော်ကြီးသည် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့်အားလျော်စွာ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေပြီး သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီးအဖြစ် ဖြစ်ထွန်းလာအောင် စနစ်တကျ မွမ်းမံပြင်ဆင်သွားကြရန်လိုကြောင်း၊ မြို့တော်နေပြည်သူများ လူနေမှုအဆင့်မြင့်မားရေးအတွက် သန့်ရှင်းရေး၊ ရေပေးဝေရေး၊ အညစ်အကြေးစွန့်ပစ်ရေး၊ကျန်းမာရေး၊ လမ်းမကြီးများနှင့် လမ်းသွယ်များ ကောင်းမွန်ရေးစသည့် ကဏ္ဍစုံ ကောင်းမွန် တိုးတက်သည်ထက် တိုးတက်ကောင်းမွန်အောင် လိုအပ်ချက်များကို အပိုင်းလိုက် စနစ်တကျ စီမံဖြည့်ဆည်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပတင့်တယ်ရေး၊ မြို့တော်အင်္ဂါရပ်များနှင့်ညီညွတ်ရေးတို့အတွက် ခေတ်မီဈေးသစ်ကြီးများ အဆင့်မြင့် တည်ဆောက်ရာတွင်လည်းကောင်း၊ အဆင့်မြင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင် လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံကြသည့် လုပ်ငန်းရှင်များနှင့် သုံးစွဲကြသည့် ပြည်သူများ နှစ်ဦးနှစ်ဖက် မျှမျှတတ အကျိုးရရှိစေရေးအတွက် လိုအပ်သလို ထိန်းညှိပေးကြရန်လိုကြောင်း၊ မန္တလေးမြို့တော်ကြီးကို အဆင့်မြင့် ပြုပြင်တည်ဆောက်ရာတွင်လည်း နောင်တိုးပွားလာမည့် မြို့တော်နေလူဦးရေကို မျှော်မှန်းပြီး သန့်ရှင်းရေး စနစ်၊ ရေပေးဝေရေးစနစ်၊ အမှိုက်သိမ်းစနစ်၊ အညစ်အကြေး စွန့်ပစ်ရေးစနစ် စသည်တို့ကို အပိုင်းလိုက် စီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်သွားကြရန်လိုကြောင်း။

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သားငါးမွေးမြူရေးနှင့် မီးဖိုချောင်သုံးနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးတို့ကိုလည်း မြို့တော်နေပြည်သူများအား ချိုသာသော ဈေးနှုန်းဖြင့် လုံလောက်ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်စေရေအောင် ဆက်လက် တိုးချဲ့စိုက်ပျိုးမွေးမြူသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတကာ အဆင့်မီ ဈေးချိုတော် ပလာဇာ ကွန်ဒိုမီနီယံ (၂၅)ထပ် အဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ တိုင်းရင်းဆေး တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာ ဦးဟန်သိန်းကတိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)၌ လေးထပ်ပင်မဆောင်၊ လေးထပ် အမှတ်(၁)ဆောင်၊ သုံးထပ် အမှတ်(၂) ဆောင်နှင့် နှစ်ထပ်အမှတ်(၃)ဆောင် တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က တိုင်းရင်းဆေးတက္ကသိုလ် သင်ကြား၊ စီမံ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းဆေးတက္ကသိုလ် ဆေးဥယျာဉ်ကို ပရဆေးမျိုးစုံလင်သည့် ဆေးဥယျာဉ်ကြီးတစ်ခုအဖြစ် အဆင့်မြင့်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးရဲထွန်းတို့က အစိုးရနည်းပညာကောလိပ်(မန္တလေး)ပင်မ သုံးထပ်ဆောင်နှင့် စာသင်ဆောင်များ တည်ဆောက်ရေးလုပ်ငန်း ၈၀ရာခိုင်နှုန်းပြီးစီးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မျိုးဆက်သစ်စာပေ အမှတ် ၂၁၂/၂(ခ) ပထမထပ် ၃၆လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၉၄၁ က ဖြန့်ချီသော မြတ်ငြိမ်း၏ ကြမ္မာရိုင်းကို အောင်နိုင်ဖို့ စာအုပ်မျက်နှာဖုံး။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပုသ်ပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၈။	ယူးချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သချာၤအထူးပြု) [သချာၤ]
၁၇:၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	သီချင်းကြီးပဒေသာ
၁၇:၄၅	၈။	တေးဂီတအစီအစဉ်
၁၈:၀၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၅	၁၀။	Discovery
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Milo Success in Soccer
၁၉:၁၀	၁၄။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၉:၂၀	၁၅။	၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် "မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲ"
၁၉:၃၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၇။	အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရှေးရှု "လျှပ်စစ်စွမ်းအား ထွန်းကားတင့်တယ် ဂုဏ်ယူဖွယ်"
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယုလို" (အပိုင်း-၁၁)
	၂၂။	နောက်တစ်နေ့အစီအစဉ်

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အဆင့်မီတည်းခိုစားသောက်ဆိုင်များ ပုဂံဒေသတွင်ထပ်မံပေါ်ထွက်လာစေလို

ကျော်မျိုးနိုင်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အောင်မြင်စေရန်အတွက် အဓိကလိုအပ်ချက်မှာ ၎င်းတို့ စိတ်ဝင်စားစွာ ကြည့်ရှုနိုင်သော နေရာဒေသများရှိနေရန် လိုအပ်သကဲ့သို့ အဆင့်မီစွာ တည်းခိုနေထိုင်စားသောက်ရန် နေရာများလည်း အထူးလိုအပ်လှသည်။

အဆင့်မြင့်

ပုဂံ-ညောင်ဦး လမ်းမကြီးဘေး ဝက်ကြီးအင်းရပ်ကွက်ရှိ Eden BBB အဆင့်မြင့် စားသောက်ဆိုင်ကြီးကို တွေ့ရစဉ်။ (အပေါ်ပုံ) နှင့် ဆိုင်အတွင်း ခမ်းနားလှပစွာ ခင်းကျင်းပြင်ဆင်ထားသော စားသောက်ဆိုင် ခန်းမကို တွေ့ရစဉ်။ (ယာပုံ)

ခင်းကျင်းပြင်ဆင်



ယခုအခါ မြန်မာလူမျိုးများပိုင်သော ဟိုတယ်များ၊ စားသောက်ဆိုင်များ ပေါ်ပေါက်လျက်ရှိရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ပုဂံတွင် ဖွင့်လှစ်ခဲ့သော Eden BBB အဆင့်မြင့်စားသောက်ဆိုင်မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပုဂံ-ညောင်ဦးလမ်းမကြီးဘေး ဝက်ကြီးအင်းရပ်တွင် တည်ရှိသည်ဖြစ်ရာ "နေရာ၏ကောင်းခြင်း"၊ ဦးစန်းဦး ဦးစီးသော ဒီဇိုင်း ၂၀၀၀မှ ပုံစံထုတ်လုပ်ထားသော အဆောက်အအုံ၏ ခန့်ညားလှပခြင်း၊ အဆင့်အတန်းမီ အနောက်တိုင်း အစားအစာနှင့် မြန်မာစစ်စစ်ထမင်း၊ ဟင်းများ၏ အရသာကောင်းခြင်း၊ အတွေ့အကြုံရင့်၊ သမ္ဘာရင့်၊ BBB စားသောက်ဆိုင်(မန္တလေး)မှ ကိုအောင်ကျော်ဦးနှင့် မသင်းတို့၏ အုပ်ချုပ်မှုအောက်မှ ဝန်ထမ်းများ၏ ညှော်ဝတ်ကျေပွန်မှု၊ ဒေင်အုပ်စုမှ ဦးချစ်ခိုင်နှင့် အဖွဲ့သားများ၏ စေ့စပ်သေချာမှု၊ တောင့်တင်းခိုင်မာမှုတို့ဖြင့် ပေါင်းစပ်လိုက်သောအခါ (Eden BBB Restaurant -ပုဂံ)သည် ပြီးပြည့်စုံသော အဆင့်မြင့်စားသောက်ဆိုင်ကြီး တစ်ခုဖြစ်ခဲ့ရသည်။

ပုဂံဒေသတွင် ထိုသို့သော အဆင့်မီစားသောက်ဆိုင်များ ထပ်မံပေါ်ထွက်လာစေကြောင်း ဆုမွန်ကောင်းတောင်းမိပါတော့သည်။ ။

သမဝါယမဦးစီးဌာနအားကစားပြိုင်

ရန်ကုန် ဇန်နဝါရီ ၆

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု အားကစားလှုပ်ရှားမှုနှင့် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုတို့ကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်ရှိ သမဝါယမဝန်ကြီးဌာနတွင် အမျိုးသား၊အမျိုးသမီးလွန်ဆွဲပွဲ၊ထုပ်ဆီးတိုးပြိုင်ပွဲ၊အမျိုးသား၊အမျိုးသမီးအလံကိုင်လက်ဆင့်ကမ်းပြေးပွဲ၊အမျိုးသား၊အမျိုးသမီးအပ်နဖားထိုးပြေးပွဲ၊ အမျိုးသမီး (သက်ကြီး) ဖယောင်းတိုင်မီးထွန်းပြေးပွဲ၊ အမျိုးသမီး ဆန်ကောရွက်ပြေးပွဲ၊ ပင်ပေါင်သီး ဇွန်းကိုက်ပြေးပွဲ၊ အမျိုးသား၊ အမျိုးသမီး ဂဏန်းပေါင်းစက်သုံး ဂဏန်းပေါင်းပြိုင်ပွဲနှင့် အလွတ်တန်းစစ်တုရင် ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ဝန်ထမ်းများအား ဗလာမဲမရှိ ကံစမ်းမဲနှိုက်၍ ကံစမ်းပွဲပြုလုပ်ပြီး ကံထူးရှင်များနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း**(ဝဲပုံ)** နှင့် ညွှန်ကြားရေးမှူးများက ဆုများချီးမြှင့်ပေးအပ်သည်။ **(က-ပ)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❒ **ရွှေဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြသည်။

အမှာစကားပြောကြား

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောကြားသည်။

ဆရာ ဆရာမများအရေးပါ

အမျိုးသားရေးလိုအပ်ချက် ပီပြင်ပြည့်ဝစွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးမှာလည်း မျိုးဆက်သစ်လူငယ်များကို မူလတန်းအရွယ် ကျောင်းသူကျောင်းသားဘဝကစတင်ပြီး တက္ကသိုလ်၊ ကောလိပ်များကနေ ဘွဲ့ဒီဂရီရရှိသည်အထိ လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် အခြေခံပညာ ဆရာ ဆရာမများ၊ တက္ကသိုလ်နှင့် ကောလိပ် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးကြောင်း။

ယခုလို မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏ လိုလားချက်နှင့်အညီ ပြုစုပျိုးထောင်ပေးနေသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာအခြေအနေများနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ ရှေ့အနာဂတ် အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များကို နားလည်သဘောပေါက်စေခြင်းအားဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီး ပီပြင်စွာထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံတော်အစိုးရက အလေးထားဖွင့်လှစ်ပေးခဲ့ရာတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအတွက် သင်တန်းသုံးကြိမ်နှင့် အခြေခံပညာ ဆရာမများအတွက် သင်တန်း(၅၄)ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍက တစ်နှစ်ချင်း အဆင့်မြင့်တင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးမြှင့်တင်မှုအစီအစဉ်(တတိယ)အဆင့်ရောက်ရှိသည့်အချိန်တွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ စနစ်တကျ ချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်)ကို အဆင့်မြင့်ပညာကဏ္ဍတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

၎င်းအမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းတွင် တက္ကသိုလ်နှင့် ကောလိပ်များ၌ ကွန်ပျူတာနှင့် အီလက်ထရွန်နစ် နည်းပညာအခြေပြုသည့် ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် ဓာတ်ခွဲခန်းများ၊ သုတေသနဌာနများ၊ နိုင်ငံတကာအဆင့်မီ အီလက်ထရွန်နစ် နည်းပညာအခြေပြုစာကြည့်တိုက်များကို ထူထောင်ပြီး မျိုးဆက်သစ်တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ ကျောင်းသားများကို နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထူးအလေးထား စီမံဆောင်ရွက်ခဲ့ကြောင်း။

အထူးသဖြင့် ခေတ်မီ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို အခြေခံပြီး ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုသည့် e-Learning Centre

နိုင်ငံတော်သည် အမျိုးသားပညာရည်မြင့်မားရေး ပညာရေးစီမံကိန်းအဆင့်ဆင့်ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိ မြန်မာ့ပညာရေးမျှော်မှန်းချက်အောင်မြင်အကောင်အထည်ပေါ်လာစေမည့်ပညာရေးဆိုင်ရာအခြေခံကောင်းများဖြစ်ထွန်းနေ

အဆိုပါ သင်တန်းဖွင့်အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမျိုးသားရေးလိုအပ်ချက်

သင်တန်းဖွင့် အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အနာဂတ်တည်တံ့ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသူကျောင်းသား လူငယ်လူရွယ်များ နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာ စွမ်းအား၊ စိတ်ဓာတ်ရေးရာ စွမ်းအား၊ လူမှုရေးဆိုင်ရာ စွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ဖို့သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးမှာ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရမည်ဆိုသည့် သဘောထားခံယူချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုကို တစ်နိုင်ငံလုံး ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သည့်အတွက် အသစ်တိုးပွားလာသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ၊ အဆင့်ဆင့် ရာထူးတိုးမြှင့်လာကြသည့် တက္ကသိုလ်၊ ကောလိပ် ဆရာမများ တိုးတက်များပြားလာသည့် အလျောက် တက္ကသိုလ်၊ ကောလိပ် ဆရာမများ၏ အထူးမွမ်းမံသင်တန်းများကို ပြန်လည်ဖွင့်လှစ်ရခြင်းပင် ဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆိုင်ရာဆိုင်ရာ သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းနေစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတွင် ကြီးမားကျယ်ပြန့်သည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်၊ တစ်ချိန်တည်းမှာပင် တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး အစဉ်လေ့လာသင်ယူနေသည့် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန် ဆိုသည့် အမျိုးသားပညာရည်မြင့်မားရေး ပညာရေးစီမံကိန်း အဆင့်ဆင့်ကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမတို့နှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်ပြီး ပြောရမည်ဆိုလျှင် များ၊ Resource Centre များ ထူထောင်မှုကို စနစ်တကျ စတင်ခဲ့သည့်အတွက် ၂၀၀၁ ခုနှစ်၏ နှစ်ဆန်း ၁ ရက်တွင် e-Education System ကို မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့နိုင်ကြောင်း။

နှစ်ရှည်ပညာရေး

၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏ စိုက်ပျိုးရေး၊ စက်မှု၊ သတ္တုစွမ်းအင်၊ လျှပ်စစ်စွမ်းအား စသည့် စီးပွားရေးစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများမှာပါ အနာဂတ်အမျိုးသားရေးအကျိုးစီးပွားကို မျှော်မှန်းသည့် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် အဆင့်မြင့်ပညာကဏ္ဍမှာ အကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်လုပ်ငန်းများနှင့် ချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်ပညာရေးစီမံကိန်းကို စတင် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် **"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့ကျင့်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"** ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက် အောင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေမည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများ ပညာရေးကဏ္ဍတစ်ခုလုံးမှာ စနစ်တကျ ဖြန့်ကြက်ဖြစ်ထွန်းနေပြီးလည်း ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတကာမှာ တွင်ကျယ်ခေတ်စားနေသည့် Information and Communication Technology ခေါ်သည့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် Myanmar ICT Park နှင့် Mandalay ICT Park တို့ကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အတွက် ထူထောင်ထားရှိနိုင်ပြီဖြစ်သည့်အပြင် ICT Park များတွင် ICT နည်းပညာရပ်အမျိုးမျိုးကို တိုးမြှင့်အသုံးပြုနိုင်နေပြီဖြစ်သည့်အတွက် အဆင့်မြင့်ပညာ လေ့လာသင်ယူရေးမှာရော၊ ပညာရေးစီမံခန့်ခွဲမှုစနစ်မှာပါ ICT နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်နေပြီဖြစ်ကြောင်း၊ ၎င်းမှာ မြန်မာ့ပညာရေးမျှော်မှန်းချက် အောင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် ထုထည်ပမာဏကြီးမားသည့် အခြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

ဌာနများတိုးချဲ့ဖွင့်လှစ်

ယနေ့အချိန်ကာလတွင် Electronic Data Boradcasting System အသုံးပြုသည့် e-Learning Centre ၄၅၅ ခု၊ V-SAT System အသုံးပြုသည့်ဌာန ၄၄ ခု၊ Fibre Optic Network ကွန်ရက်စနစ် အသုံးပြုသည့်ဌာန ၁၁ ခု၊ iPSTAR Broadband System အသုံးပြုသည့်ဌာန ၂၀၊ Internet ဆက်သွယ်ထားသည့် အခြေခံကျောင်းပေါင်း ၁၀၀ ပါဝင်သည့် ပညာရေးကဏ္ဍက ဌာနပေါင်း ၆၃၀ ကို ချိတ်ဆက်ပေးသည့် ကွန်ရက်စနစ်တစ်ရပ်နှင့် ကြိုးမဲ့ဆက်သွယ်ရေးစနစ် အသုံးပြုပြီး Video Conferencing ပြုလုပ်နိုင်သည့် ဌာနပေါင်း ခုနစ်ခုတို့ကို မြန်မာနိုင်ငံတစ်လွှားမှာ ဖြန့်ကြက်ထူထောင်ထားနိုင်ပြီးဖြစ်ကြောင်း၊ Video Conferencing ပြုလုပ်နိုင်သည့်ဌာနများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရန် ပြင်ဆင်ဆောင်ရွက်နေပြီးလည်း ဖြစ်ကြောင်း။

ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းတွင် မြတ်လွမ်းနောင် (ပုတီးကုန်း)၊ ကို(တက္ကသိုလ်)၊ ပြေဦး၊ မင်းရွှေမင်း(အင်းစိန်)၊ မျိုးမြတ်မြတ်မြင့်မောင်၊ ဘုံတောင်မြေ-နေဦးခက်၊ မင်းနိုင်လေး (လမ်းမတော်) တို့၏ ကဗျာများ၊ မြေဇာ၊ ဇော်မှူး၊ အောင်ကျော်၊ ကြိုးကြာတို့၏ ဟာသတစ်မျက်နှာကာတွန်းများ၊ မြတ်ဘုရား ဒေသနာတော်ကဏ္ဍတွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ တစ်ဘဝ သာသနာကျမ်းပြု ဆရာတော် ဦးဃောသိတ၏ ဒါရုက္ခန္ဓောပမသုတ် (သံယုတ်)တရားတော်၊ ဆောင်းပါးကဏ္ဍတွင်ဗညားဝင်း (ဘုရင့်နောင်)၊ တက္ကသိုလ်သခ်၊ ပြည့်စုံ (သွေးသောက်)၊ဗိုထိပ်၊အုံးဖေ(ပခုက္ကူ)၊ အေးမမ၊ ငြိမ်းငြိမ်း(ကျိုင်းတုံ)၊ စိုးဝင်း (မြစ်ခြေ)၊ မောင်နီအောင်နှင့် ပုသိမ်မြင့်ဝေတို့၏ သုတရသ ဆောင်းပါးများ၊ ဟာသကဏ္ဍတွင် ဟာသဂျပိုး၏ နိုင်ငံရပ်ခြားမှ ဘာသာပြန်ဟာသများ၊ ဝတ္ထုတို/ရှည်ကဏ္ဍတွင် လယ်တွင်းသား စောချစ်၊ ဝင်းလဲ့ဖြူ၊ မင်းသိခ်၊ အိကြာကွေး၊ ရွှေမြိတ်သောင်းတင်နှင့် စိုးမြိုင်တို့၏ 'သို့သော် ဦးမညွှတ်' အခန်းဆက် ဘာသာပြန် ဝတ္ထုရှည်တို့ဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ **(အပေါ်ပုံ)** **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုမြိန်နားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ်(မြန်မာစာ)
(ခ)တတိယနှစ်(စိတ်ပညာ)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းညီနောင်"** (အပိုင်း-၃၉)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့် အခမ်းအနားတွင် သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယခုလို အဆင့်မြင့်ပညာကဏ္ဍမှာ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့အတွက် ရေခံမြေခံကောင်း၊ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသူ ကျောင်းသား လူငယ်လူရွယ်များကို နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များနှင့်အညီ ပညာရပ်ဆိုင်ရာမှာသာမက စိတ်ဓာတ်ရေးရာပိုင်းအပြင် စာရိတ္တနှင့် လူမှုကျင့်ဝတ်၊ လူမှုတာဝန်ဝတ္တရားများအပိုင်းမှာပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာအလယ်မှာ ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင် ဖော်ဆောင်ရေးတွင် ယနေ့ ကျောင်းသူ ကျောင်းသား လူငယ်လူရွယ်များကို ခေတ်မီ အသိပညာ အတတ်ပညာများ တတ်ကျွမ်းရုံမျှမက မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတတ်ကျွမ်းသည့် အသိပညာ အတတ်ပညာ စွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ် အရှည်တည်တံ့ခိုင်ခံ့ရေး၊ သမိုင်းအစဉ်အဆက်က ဖြစ်ထွန်းခိုင်မာလာခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးပွားခိုင်မာရေး၊ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရေးတို့အတွက် တည်ငြိမ်ခိုင်မာသော အခြေခံကောင်းများ တည်ဆောက်ထားနိုင်စေရန်ကို တစ်မျိုးသားလုံး စိတ်တူကိုယ်တူ ချီတက်လျှောက်လှမ်းကြရမည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

တစ်မျိုးသားလုံးအတွက် ရေရှည်တည်တံ့ခိုင်ခံ့သော အနာဂတ်ကို ဖော်ဆောင် တည်ဆောက်ပေးမည့် ဤမူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးမှာ တိုင်းရင်းသား ပြည်သူများအားလုံး၏ ညီညာတက်ကြွသော ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှု၊ အမျိုးသားရေး အသိစိတ်ဓာတ် အပြည့်အဝဖြင့် ပံ့ပိုးထောက်ကူမှုများ များစွာလိုအပ်လျက်ရှိကြောင်း။

စည်းရုံးဦးဆောင်

ဆရာ ဆရာမတို့လို ပညာရှင်အပိုင်းကလည်း ကျောင်းသူ ကျောင်းသား လူငယ်များနှင့်တကွ ပြည်သူများက နိုင်ငံတကာအခြေအနေ၊ မိမိနိုင်ငံ၏ ပကတိအခြေအနေ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခြေခံများ၊ ရှေ့အနာဂတ် အလားအလာတွေအရ နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်ကြီး ခုနစ်ရပ်သည်သာ တည့်မတ်ခိုင်မာသော အမျိုးသားရေးလမ်းကြောင်းမှန်ပဲ ဖြစ်သည်ကို ပီပြင်ရှင်းလင်းစွာသိမြင်ပြီး တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် အတွက် စည်းရုံးဦးဆောင်ကြဖို့ လိုအပ်လျက်ရှိကြောင်း။

အထူးသဖြင့် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မပြတ်သည့် အမျိုးသားရေးသတိဖြင့် ရှုမြင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ရေရှည်အကျိုးစီးပွား မထိခိုက် မနစ်နာစေရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန်၊ ဘေးပယောဂ သွေးထိုးသပ်လျှိုမှုများ၏ ဆိုးညစ်သောအရင်းအမြစ်ကို ပညာသတိဖြင့် ရှုမြင်ရှောင်ရှားနိုင်စေရန်အတွက် ကျောင်းသူ ကျောင်းသားများနှင့်တကွ ပြည်သူများ အသိအမြင် ဗဟုသုတ ကြွယ်လာအောင်၊ အမျိုးသားရေးစိတ်ဓာတ် တက်ကြွမြင့်မားလာစေရအောင် ဆရာ ဆရာမများအားလုံးက စည်းရုံးဦးဆောင်ပေးကြဖို့ မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်အံ့”ဆိုသည့် မြန်မာ့ပညာရေးဆောင်ပုဒ်နှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် ပညာရှင်များအဖြစ်ဖြင့် အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဤသင်တန်းမှာ ဆွေးနွေးပို့ချပေးမည့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်၊ နိုင်ငံတကာ၏ အခြေအနေစုံနှင့် သိသင့်သိအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အကြောင်းအရာစုံကို စိတ်ဝင်တစား လေ့လာကြပါ၊ ဆွေးနွေးကြပါ၊ မှတ်သားသွားကြပါ**

ဟု မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၉၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ **(သတင်းစဉ်)**

ဆည်မြောင်းဝန်ထမ်းဟောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၆

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း နဝမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကင်းမြို့နယ် သစ္စာလမ်း ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသူများသည် လက်ထောက်ညွှန်ကြားရေးမှူး (စီမံရေးရာ) ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ဒေါ်အေးမြ ဖုန်း–၅၇၈၁၂၁ နှင့် အတွင်းရေးမှူး ဦးထွန်းဝင်း ဖုန်း–၂၉၀၂၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

● ရှေ့ဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ် အောင်သိန်းတို့ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် လူသားအစမြန်မာက ပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်းနှင့် လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများပြကွက်၊ ရှုခင်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြကွက်၊ ကိုယ်ပိုင်အမျိုးသား ယဉ်ကျေးမှုရုပ်စုံဓာတ်ပုံပြကွက်၊ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ ရုပ်စုံဓာတ်ပုံပြကွက်၊ ဗဟိုပြကွက်၊ မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ပြကွက်၊ ဝန်ကြီးဌာနပြခန်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ပြခန်း၊ နိုင်ငံတော်သစ်ဆီတို့ဦးတည် တက်ညီလက်ညီ ချီတက်မည်ပြခန်းရှိ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြကွက်တို့ကို ပြသထားရာ ပြပွဲလာသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့ကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ယနေ့ ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူလူထုစုစုပေါင်း ၇၅၁၁ ဦး စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

စီးပွားကူးသန်း ရေသို့လှမ်း

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲ ကူမင်း၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီတွင် ကူမင်းမြို့ ကူမင်းဟိုတယ်ညစာခန်းမ၌ ကျင်းပရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Shao Qiwei ဦးဆောင်သော အစိုးရအဖွဲ့မှ ခေါင်းဆောင်များ၊ ဌာနဆိုင်ရာနှင့် ကုမ္ပဏီအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကူမင်းမြို့ အခြေစိုက်ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ကောင်စစ်ရုံးမှ သံတမန်များ၊ ဖိတ်ကြားထားသူများ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းနှင့်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသိန်းဇော်က နှုတ်ခွန်းဆက် စကားပြောကြားပြီး ညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်သားများကောလိပ်(ရူပဗေဒ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

၁၉၇၂–၇၇ ခု ပညာသင်နှစ် လုပ်သားများကောလိပ် ရူပဗေဒ အဓိက ကျောင်းသူ ကျောင်းသားများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် အိုလံပစ်တာဝါ (၁၂)ထပ် အခန်း(၁) ဗိုလ်အောင်ကျော်လမ်း၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ဦးကျော်သူ ဖုန်း–၂၅၆၆၀၂၊ ဦးစိန်သန်း ဖုန်း–၅၇၉၉၂၆ နှင့် ဦးတင်အေး ဖုန်း–၆၆၆၇၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ ဒေါက်တာယိုဟန်နက်စ်ရောင်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူများထံ မိမိ၏ဂျာမနီပြည်သူများကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

ပြင်သစ်သမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပြင်သစ်သမ္မတနိုင်ငံ သမ္မတဂျက်ရှီရက်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ မိမိဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါကြောင်း၊ ရုရှားနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် မိမိတို့နိုင်ငံများ၏ ပြည်သူများအကျိုးစီးပွား ပိုမိုဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

ဟန်ဂေရီသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဟန်ဂေရီသမ္မတနိုင်ငံသမ္မတ မစ္စတာဖယ်ရန့်မာဒီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ မိမိဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပြီး ဆုမွန်ကောင်းများပို့သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ရုရှားဖက်ဒရေးရှင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာမီခေးလ်ကာစီယာနော့ဗ်ထံမှလည်းကောင်း၊ ဘူဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစီမီအွန်ဆက် ကိုဘမ်ဂိုသာထံမှလည်းကောင်း၊ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကွန်စတန်တီနိုစီမီတစ်ထံမှလည်းကောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ဒိုက်ဦးအထက အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၆

ဒိုက်ဦးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ငွေကျပ် ၃၄သိန်းကျော် ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက်က အဆိုပါကျောင်း အောင်ရတနာခန်းမဦကျင်းပရာ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၅၄ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်

မြန်မာနိုင်ငံတွင် ရှေးနှစ်ထောင်ပေါင်းများစွာကပင် တည်ရှိသော လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်တို့ဖြင့် ယဉ်ကျေးမှုအစဉ်အလာ ကောင်းများရှိခဲ့ပြီး ဘာသာဓလေ့ထုံးတမ်းအစဉ်အလာ ဆုံးမပဲ့ပြင်ထိန်းကျောင်းမှု၊ လူမျိုးဗီဇ၊ သန္တေစိတ်ဓာတ်တို့ကြောင့်လည်း လောကပါလတရား ထွန်းကားသောကြောင့် နေချင်စဖွယ်သော ဒေသနိုင်ငံဖြစ်ခဲ့သည်။ နိုင်ငံအတွင်း တစ်အူထုံ့ဆင်းတိုင်းရင်းသား လူမျိုးနွယ်ပေါင်း တစ်ရာကျော်တို့သည် ကြီးမားသောသံယောဇဉ်တွယ်တာချစ်ခင်မှုဖြင့် ပျော်ပါးနှစ်ခြိုက်စွာ အတူတကွနေထိုင်လျက်ရှိပြီး အကျင့်သိက္ခာမြင့်မားသည့် လောကအမြင်ရှိကြသဖြင့်လည်း မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် သာယာစည်ပင်ရှိခဲ့သည်။ ထိုသို့ သာယာစည်ပင်နေသော လူ့ဘောင်လောကကြီးတွင် အကြီးမားဆုံးသော အန္တရာယ်သည် မူးယစ်ဆေးဝါးပင်ဖြစ်သည်။ ကမ္ဘာ့လူသားထုကြီးအား ခြိမ်းခြောက်ရန်ပြုနေသည့် အန္တရာယ်တစ်ရပ်ဖြစ်ရာ ကမ္ဘာတစ်ဝန်း လူသားများအားလုံး ဝိုင်းဝန်းဖြေရှင်း တိုက်ဖျက်ရမည်ဖြစ်သည်။ ဤပြဿနာကိုဖြေရှင်းရန်၊ ကာကွယ်တားဆီး တိုက်ဖျက်ရန်မှာ နိုင်ငံတကာပြည်သူလူထုနှင့် နိုင်ငံအစိုးရတိုင်း၏ ကြီးမားသောတာဝန်ဖြစ်သည်။

မူးယစ်ဆေးဝါးသည် နယ်ချဲ့ကိုလိုနီများ၏ အစွမ်းထက်သော နယ်ချဲ့လက်နက်တစ်ခုဖြစ်ပြီး ၁၆ရာစုနှစ်ခန့်ကတည်းက စီးပွားရေးလောဘသမားများ၊ ဒတ်ချ်နှင့် ရောမကုန်သည်များသည် အိန္ဒိယနိုင်ငံမှတစ်ဆင့် ဘိန်းကို ဖြန့်ဖြူးရောင်းချလာခဲ့သည်။ ၁၈၂၄ခုနှစ်တွင် မြန်မာ-အင်္ဂလိပ် ပထမစစ်ပွဲဖြစ်ပွားခဲ့ရပြီး ရခိုင်နှင့်တနင်္သာရီဒေသတွင် နယ်ချဲ့အင်္ဂလိပ်တို့က လိုင်စင်ရဘိန်းခန်းများ ဖွင့်လှစ်စေခဲ့ပြီး မြန်မာတိုင်းရင်းသားများအား ဘိန်းရှူနည်း ပညာသင်ပေးခြင်း၊ အခမဲ့ဝေငှခြင်း၊ တရုတ်နှင့်ဘင်္ဂါလီများအား ဘိန်းခန်းလိုင်စင်ထုတ်ပေးခြင်း ပြုခဲ့ကြောင်း တွေ့ရှိရသည်။ နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်မြင့်မား၍ ယဉ်ကျေးမှု အစဉ်အလာကြီးမားသော မြန်မာတိုင်းရင်းသားတို့၏ စွမ်းရည်အား ရိုက်ချိုးဖျက်ဆီးရန်နှင့် နယ်ချဲ့ကိုလိုနီယန္တရားသက်ဆိုးရှည်စေရန်အတွက် ဘိန်းတည်းဟူသော မူးယစ်ဆေးဝါးအား ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်သုံးစွဲစေခြင်းမှာ မြန်မာနိုင်ငံအတွင်း နည်းမျိုးစုံသုံးလျက် စီမံခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ထိုခေတ် ထိုအချိန်အခါမှစတင်၍ မျက်မှောက်ကာလအထိ မြန်မာနိုင်ငံတော် အစိုးရအဆက်ဆက်မှ ပြည်ထောင်စုဖွားတိုင်းရင်းသားများတို့၏ ဘိန်းနှင့်မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူကာ ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးထိန်းချုပ်မှုအနေဖြင့် ရှေးမြန်မာမင်းများ လက်ထက်ကတည်းကပင် အစဉ်အဆက်ကြိုးပမ်းခဲ့ကြသည်။ မြန်မာဘုရင် ဘိုးတော်ဘုရား (ဗဒုံမင်း)(၁၇၈၂-၁၈၁၉)သည် မြန်မာနိုင်ငံတွင် ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာမှ စ၍ ယစ်မျိုးနှင့်စပ်ဆိုင်သမျှ လုံးဝရောင်းဝယ်မှုမပြုရန် ပြင်းပြင်းထန်ထန် တားမြစ်ထားသည့် အမိန့်တော်ကို ထုတ်ပြန်ခဲ့သည်။ ၁၈၅၂ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၌ ပုဂံမင်းက စစ်သည်တော်များအား ဖဲ၊ ကြွေအန်၊ အရက်၊ ကစော်၊ လော်စာ၊ စိန်ပင်၊ ဘင်း၊ ဘိန်း၊ ယစ်မျိုးတို့ကို မသောက်မစား၊ မကစားရန်နှင့် နှိမ်နင်းရန် တားမြစ်ထားသည်။ သီပေါမင်း (၁၈၇၅-၁၈၈၅)၏ လက်ထက်တွင် ယစ်မျိုးငါးပါးဥပဒေပြဋ္ဌာန်း၍ မူးယစ်ဆေးဝါးအား သုံးစွဲခြင်းကို လုံးဝပိတ်ပင်တားမြစ်ခဲ့သည်။ အင်္ဂလိပ်အစိုးရ၏ ပယောဂဖြင့် ဘိန်းဆိုင်များ ပေါ်ပေါက်လာစကတည်းကပင် ဘိန်းအန္တရာယ်ကို ကြိုတင်သိမြင်သော မြန်မာတို့သည် နည်းအမျိုးမျိုးနှင့် ကန့်ကွက်ခဲ့ကြသည်။ အင်္ဂလိပ်လက်အောက်အရင်ကျရောက်၍ အစောဆုံးဘိန်းမှိုင်းတိုက်ခံရသော ရခိုင်ဒေသရှိ ပြည်သူများ၊ ရဟန်း၊ သံဃာများက ဘိန်းဆိုင်၊ ဘိန်းခန်းများ ပိတ်ပေးရန် အင်္ဂလိပ်အစိုးရထံ မေတ္တာရပ်ခံခဲ့သည်။ မြန်မာသတင်းစာများ ပေါ်ပေါက်လာသည့်အခါ သတင်းစာဆရာများ၊ မြန်မာ အမျိုးသားနိုင်ငံရေးသမားများက ဘိန်းကိစ္စနှင့် ပတ်သက်၍ နယ်ချဲ့အစိုးရအား ရပ်တန်းကရပ်ရန် ဝေဖန် တိုက်တွန်းသည့်စာများ ရေးသားခဲ့ကြသည်။ ၁၈၈၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ ခရစ်ယာန်သာသနာပြုအသင်းက အထက်မြန်မာနိုင်ငံသို့ ဘိန်းတင်သွင်းမှုကို လုံးဝတားမြစ်ပေးပါရန် သို့မဟုတ် တင်ပို့မှုကို ကန့်သတ်ပေးပါရန် ဘုရင်ခံအား မေတ္တာရပ်ခံခဲ့သည်။ ၁၈၈၆ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ဘိန်းပိတ်ပင်တားမြစ်ရေးအသင်းကလည်း အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်အား မြန်မာနိုင်ငံတွင် ဘိန်းရောင်းဝယ်စားသုံးခြင်းကို တားမြစ်ပိတ်ပင်ပေးရန် ပန်ကြားခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ၎င်းမေတ္တာရပ်ခံချက်များကို လိုက်လျောသည့်အနေဖြင့် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်၊ မြိတ်မြို့များမှလွဲ၍ ကျန်မြို့များတွင် ၁၈၈၇ ခုနှစ် ဧပြီလ ၁ရက်မှစ၍ ဘိန်းခန်းများမဖွင့်ရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၌ ၁၉၀၉ ခုနှစ်တွင် ဘိန်းအက်ဥပဒေကိုလည်းကောင်း၊ ၁၉၁၇ခုနှစ်တွင် ယစ်မျိုးဥပဒေကို လည်းကောင်း၊ ၁၉၃၁ခုနှစ်တွင် ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။ ၁၉၂၄ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကြီးကြပ်မှုဖြင့် ဒုတိယအကြိမ် ဘိန်းညီလာခံတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပပြီး ၁၉၂၅ခုနှစ် ဖေဖော်ဝါရီလ

မောင်ဝိုင်း

တွင် ဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့် ပတ်သက်သည့် သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ကျူးလွန်သူတို့အား ပြစ်ဒဏ်တိုးပေးရန်၊ ပြစ်ဒဏ်များ တညီတညွတ်တည်းဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအစိုးရက ၁၉၃၁ခုနှစ် ဖေဖော်ဝါရီလတွင် အက်ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (ဝိုင်အမ်ဘီအေ)က ကြီးမှူး၍ ကျောင်းကုန်းမြို့တွင် ဘိန်းဖြတ်ဌာနတစ်ခု ဖွင့်လှစ်ကာ ဘိန်းစွဲသူများအား ကုသပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လူမှုဝန်ထမ်းဝန်ကြီးဌာန၌ ပြုလုပ်သော အစည်းအဝေးက မြန်မာနိုင်ငံတွင် ဘိန်းစားခြင်း၊ ဘိန်းရှူခြင်းများကို ငါးနှစ်အတွင်း အပြီးအပိုင် ရှင်းလင်းရန် ဆုံးဖြတ်ချက်ချ၍ စီစဉ်ဆောင်ရွက်ခဲ့သည်။ မူးယစ်ဆေးစွဲသူများအား ဆေးကုသရန် ရန်ကုန်စိတ်ရောဂါကုဆေးရုံ၌ ဆေးကုသဆောင်တစ်ခု ဖွင့်လှစ်ခဲ့သည်။ ၁၉၅၁ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် ဘိန်းစုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် ဘိန်းစားသုံးမှုတိုက်ဖျက်ရေး၊ ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးနှင့် ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံဘိန်းဥပဒေ အကျိုးသက်ရောက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကို စွမ်းအားရှိသမျှ ဆောင်ရွက်ခဲ့ရာ ၁၉၆၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ၁၉၆၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၆၂ခုနှစ် ဩဂုတ်လ ၁၅ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ဘိန်းစုံစမ်းရေးကော်မတီကို ဖွဲ့စည်းပြီး မူးယစ်ဆေးစွဲသူများ ဆေးဝါးကုသရေးပြန်လည်ထူထောင်ရေးနှင့် ခေတ်မမီတော့သည့် ဘိန်းဥပဒေကို ပြင်ဆင်ရေးတို့ကို ဆောင်ရွက်စေခဲ့သည်။ မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်ရန်အတွက် တော်လှန်ရေးကောင်စီသည် “၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ”ကို ၁၉၇၄ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအကြိမ်ညီလာခံအစည်းအဝေး၌ တစ်မျိုးသားလုံး လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန်အတွက် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် တစ်မျိုးသားလုံးပါဝင်လှုပ်ရှားဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ပြည်နယ်တိုင်း၊ မြို့နယ်နှင့်ဗဟိုလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂစာချုပ်ပါ အချက်များနှင့်အညီ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။ တစ်ဖက်တွင်လည်း လက်နက်ကိုင် သောင်းကျန်းသူများရှိရာ နယ်စပ်တစ်လျှောက် ဘိန်းစိုက်ပျိုးထုတ်လုပ်နေမှုအား တပ်မတော်မှ စစ်ဆင်ရေးများဖြင့် ချေမှုန်းခဲ့သည်။ တပ်မတော်သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများအား မိုးဟိန်းစစ်ဆင်ရေးအဆင့် ၁ မှ ၁၂အထိ လည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေး အဆင့် ၁ မှ၈ အထိလည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့် ၁မှ ၄အထိ လည်းကောင်း၊ တောင်ထိပ်ပန်း စစ်ဆင်ရေးအား ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၁ရက်မှ ၁၉၇၈ခုနှစ် ဧပြီလ ၃၀ရက်နေ့အထိလည်းကောင်း စစ်ဆင်ရေးတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်း၍ ၁၉၉၉-၂၀၀၀ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးများ လုံးဝချုပ်ငြိမ်း ပပျောက်သွား စေရေးအတွက် (၁၅)နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ၎င်းတို့၏ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောက်ရွက်နိုင်ရန် ကြိုးပမ်းပေးနိုင်ခဲ့သည်။ နိုင်ငံတော်၏ စစ်မှန်သည့်စေတနာနှင့် မှန်ကန်သော လက်တွေ့လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ခဲ့ခြင်းသည် မြန်မာတစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသပြည်သူများ၏ အခြေခံလိုအပ်ချက်များ မြင့်တင်ဖြည့် ဆည်းပေးရေးအတွက် အခွင့်အလမ်းများ ရရှိဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုများ ရှိလာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်သော နယ်စွန်နယ်ဖျား ဝေးလံခေါင်ပါးဒေသများတွင် တရားဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်မှု လက်လှမ်းမီလာသည့် အခြေအနေများ ပြောင်းလဲဖြစ်ပေါ်လျက် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ယခင်က တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်မျိုးတည်းဖြင့် ကြိုးပမ်းဆောင်ရွက်နေရာမှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး တဖြည်းဖြည်း လျော့နည်းပပျောက်သွားမည်ဖြစ်သည်ကိုလည်း သုံးသပ်ရရှိခဲ့သည်။ ထိုသို့ သုံးသပ်ရရှိသည်နှင့်အညီ နိုင်ငံတော်အကြီးအကဲက မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်ဖြစ်သော မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ကို လမ်းညွှန်ပြဋ္ဌာန်းပေးခဲ့သည်။ မဟာဗျူဟာနှစ်ရပ်ကို အကောင်အထည်ဖော်ရန်အတွက် နည်းဗျူဟာ သုံးရပ်ဖြစ်သော ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးတို့ကိုလည်း ချမှတ်ပေးခဲ့သည်။ အဆိုပါ မဟာဗျူဟာနှင့် နည်းဗျူဟာများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျင့်သုံးရမည့် နည်းနာနိဿယ သုံးရပ်ဖြစ်သော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့်လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့ကိုလည်း ပြဋ္ဌာန်းလမ်းညွှန်ပေးခဲ့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရုံးရှေ့တွင် ပြုလုပ်ရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဖတ်ကြားစဉ်။

(၂၅၉)

ဟာသဂျာနယ် အတွဲ(၂)၊အမှတ်(၂၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

ကာတွန်းဆရာကြီး ဦးဗကလေး၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းမြင့်သိန်း၏ **‘စံရွှေမြင့်’** ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊မြေဇာ၊ ကာတွန်းမြင့်စိုးလေး၊ဖိုးဉာဏ်၊အဏ္ဏဝါစိုးမိုး၊ မောင်သန်းဆွေ(ထားဝယ်)၊ မောင်ဉာဏ်ကျယ်၊ညောင်ခါးရှည်မှိုင်းဝေ၊ ဆြာကြီးထိန်၊ဏီမှူး၊ ကျော်သစ်၊ ရွှေရိုး(မန္တလေး)၊မာန်သွေးသစ်မင်း၊မင်းတင်ထွဏ်း၊ကျော်ဇောဟိန်း(ဒေါပုံ) တို့၏ ဟာသအတွေးအရေး ရုပ်ရှင်ဇာတ်လမ်းများဖြင့်**‘ဟာသ’**ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၃)ကို ဝါမိုးအောင်စာပေ

အမှတ်(၅၂၉) ကုန်သည်လမ်း(စာပေဗိမာန်ဘေး) ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။**(အပေါ်ပုံ)**

(က-ပ)

❒ ကျောဖုံးမှ

ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးမှုသည်လည်း အရေးပါသည့်အလျောက် နိုင်ငံပိုင်စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးမြင့်မားအောင် အားပေးဆောင်ရွက်ပေးခဲ့သည်။ ဒေသအလိုက်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန်လည်း အားပေးလျက်ရှိသည်။

ဦးသန်းထွန်းအောင်က ပြခန်းနှင့်ပတ်သက်၍ မြန်မာ့အလင်းသို့ ဤသို့ ရှင်းပြသည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ယခုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ပူးပေါင်း၍ "မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄"ကို ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပေသည်။

ယင်းပြပွဲကြီးကို–

- **အပြည်ပြည်ဆိုင်ရာ ဆန်ဈေးကွက်တွင် မြန်မာ့ဆန် ပြန်လည်နေရာရရှိစေရန်နှင့် ဈေးကွက်ထိန်းထားနိုင်စေရန်၊**
- **အရည်အသွေးမြင့်မားသော မြန်မာ့ဆန်များထုတ်လုပ်နိုင်စေရန်၊**
- **မြန်မာနိုင်ငံတွင် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊**
- **အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်စေရန်**

စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပြသခြင်းဖြစ်သည်။

အဓိကအစားအစာ

ဂျပန်၊ အိန္ဒိယ၊ တရုတ်၊ ထိုင်းစသည့် အာရှနိုင်ငံများသည် ဆန်ကို နေ့စဉ် အဓိက အစားအစာအဖြစ် စားသုံးကြသည်။

မြန်မာနိုင်ငံ၌ ဆန်စက်များမပေါ်မီက ဆန်ရအောင် ဆန်ဖွပ်၊ မောင်းထောင်းခြင်းပြုရ၏။ ထိုသို့ပြုရာ၌ ရှေးဦးစွာ စပါးကို လက်ကြိတ်ဆုံဖြင့် အခွံချွတ်ရသည်။ လုံးတီးဆန်ကို ခြေနင်းမောင်းဆုံ၊ လက်ထိုးကြိတ်ဆုံ၊ ကျောက်မောင်းဆုံ၊ ရေမောင်းဆုံ စသည်တို့ဖြင့် မောင်းထောင်းမှ ဆန်ဖြူရရှိနိုင်သည်။

လက်ဆုံတွေချပါလို့၊ ဟန်ကျအောင်စီ၊ ရွှေနောင်သူပျိုအပေါင်းရယ်၊ မောင်းကျောက်ကိုချီ၊ ချိုကျူးငယ်သီ၊ ညီအောင်ပအချက်ပေးပျော်ရွှင်ရွှင်၊ ယဉ်ယဉ်တွဲပါလို့၊ နွဲ့ကြစို့လေး––။

ဟိုရှေ့ကဆူညံဆူညံ၊ ဘာသံလို့မေး၊ မေးပါနဲ့အေ၊ ရွှေနောင်သူအလှူပေးတယ် မောင်းသံကွဲ့လေး–––။

ဟူ၍ မြန်မာ့ကျေးလက် မောင်းထောင်းသံတေးသီချင်းဖြင့် မြန်မာတို့၏ ရှေးခေတ် ဆန်ဖွပ် မောင်းထောင်းသည့်ဓလေ့ကို စာဆိုများကပင်ရေးဖွဲ့ခဲ့ကြသည်။

ဤပြပွဲကြီးမျိုးသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်ပြသသောပြပွဲကြီးဖြစ်သည်။ ဤပြပွဲတွင် ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်းစသော ပြည်ပ ကုမ္ပဏီများနှင့် ပြည်တွင်းမှ ဆန်စက်လုပ်ငန်းရှင်များ၊ ပညာရှင်များ ပါဝင် ပြသမည်ဖြစ်သည်။

ပြခန်းတွင် ကုမ္ပဏီပေါင်း ၃၆ ခုမှ ပြခန်းပေါင်း ၁၅၀ ပြသမည်ဖြစ်ရာ အဆောက်အအုံ၏ မျက်နှာစာ မြေညီထပ် အပြင်ဘက်တွင် ပြခန်း ငါးခုနှင့် မြေညီထပ်အတွင်းတွင် ပြခန်း ၁၂၅ ခု ပြသမည်ဖြစ်ပြီး ပထမထပ်တွင် ပြခန်းပေါင်း ၂၀ ပြသထားမည် ဖြစ်ပေသည်။

ပါဝင်ပြသမည်

ထို့ပြင် မလေးရှားကုမ္ပဏီမှ ပြခန်းနှစ်ခု၊ ကိုရီးယားမှပြခန်းတစ်ခု၊ ဂျပန်နှင့် အိန္ဒိယတို့မှ ပြခန်းတစ်ခုစီ ပါဝင်ပြသထားမည်ဖြစ်သည်။

ပြည်တွင်းစက်မှုဇုန် ခုနစ်ခုဖြစ်သော ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ပဲခူးတိုင်း(အနောက်)၊မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့မှလည်း ဆန်စက်များနှင့်ဆန်စက်ပစ္စည်းတစ်ခုချင်းအလိုက် ခင်းကျင်းပြသမည်ဖြစ်ပြီး ပြခန်း၌ပင် လက်တွေ့ကြိတ်ခွဲပြသမည်ဖြစ်သည်။

ဆန်စက်အမျိုးမျိုး

တရုတ်နိုင်ငံထုတ် KAMA Im-dustry Co.,Ltd. မှ ဆန်စက်သားရေလုံးများနှင့် အခြားဆန်စက်ပစ္စည်းအမျိုးမျိုးကိုလည်း ပြခန်းတွင် ပြသထားမည်။

အချုပ်အားဖြင့် ဆိုရသော် ဆန်စားသုံးသူ ပြည်သူများသည် ဆန်ကို မည်သို့ကြိတ်ခွဲပုံ၊ဖွတ်ပုံတို့ကို ရှေးအခါ 'မောင်းထောင်းဆုံ'အသုံးပြုပုံမှအစ ယနေ့ ခေတ်မီဆန်စက်ကြီးများအထိ လေ့လာသိရှိနိုင်ကြမည်ဖြစ်သည်။ ဆန်စက်များ လက်တွေ့လည်ပတ်ပုံနှင့် ပြည်တွင်းပြည်ပဆန်စက်အမျိုးမျိုး၊ ဆန်စက်ပစ္စည်းအမျိုးမျိုးတို့ကို ဗဟုသုတဖြစ်ဖွယ် ကြည့်ရှုလေ့လာသင့်သော ပြပွဲကြီးတစ်ပွဲဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်း ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြည်တွင်းဖြစ် ဆန်စက်

သောင်းဝင်းစက်မှုလက်မှုလုပ်ငန်းမှ ပြည်တွင်းဖြစ် ဆန်စက်အကြောင်း ရှင်းပြစဉ်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

မွန်ပြည်နယ် ဆန်းလွင်ဦး စက်မှုလက်မှုလုပ်ငန်းမှ ပြည်တွင်းဖြစ် ဆန်စက်နှင့် စပါးခွံချွတ်စက်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အကောက်ခွန်နေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်မည့် အကောက်ခွန်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကောက်ခွန်ဝန်ထမ်းများ၏(၁၂)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်–၅၀၀)၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လေးတက်ရောက်ပြီး အကောက်ခွန် ဝန်ထမ်း ၃၀၏ သွေးလှူဒါန်းမှုများကိုကြည့်ရှုအားပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လေးက အကောက်ခွန်ဦးစီးဌာနမှ လှူဒါန်းသည့် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သွေးပိုက်၊ သွေးပုလင်းနှင့်သွေးဆက်စပ်ပစ္စည်းတို့ကို ပေးအပ်ရာအမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်–၅၀၀) တပ်မှူး(ကိုယ်စား) အထွေထွေရောဂါများကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေးက လက်ခံရယူသည်။ **(အောက်ပုံ)** (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာစုဖော့ဒီရာကိုဆာလ်အား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာစုဖော့ဒီရာကိုဆာလ်သည် ၁၉၄၉ခုနှစ် ဩဂုတ်၁၈ရက်နေ့တွင် မွေးဖွားသူဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သာမာဆတ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်နှင့် ဥပဒေဘာသာရပ်တို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၎င်းနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၇၃ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဟန်ချိုင်းမြို့၊ ဂျီနီဗာမြို့၊ ရောမမြို့၊ လော့စ်အိန်ဂျယ်လီစ်မြို့တို့ရှိ ထိုင်းနိုင်ငံ သံရုံး၊ အဖွဲ့ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာစုဖော့ဒီရာကိုဆာလ်သည် ၂၀၀၀ပြည့်နှစ်တွင် ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ခြင်းခံရသည်။ ထို့နောက် ၂၀၀၁ခုနှစ်မှစ၍ ယခုအချိန်အထိ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာစုဖော့ဒီရာကိုဆာလ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

၁၂–ရာသီဟောစာတမ်းဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၄ ခုနှစ်အတွက် မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့က အရှေ့တိုင်းလူတစ်ဦးချင်းဇာတာဖွဲ့ဟောစာတမ်း၊ ရက်စွဲသတ်မှတ်ရာသီ ဖွားယူဟောစာတမ်း၊ ၁၂–ရာသီ ဟောစာတမ်းစာအုပ် ၁၂–မျိုးကို နောက်ဆက်တွဲအိတ်ဆောင်အခါပေးပြက္ခဒိန်နှင့်အတူ ရန်ကုန် နေမျိုးပြက္ခဒိန်ဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်၊ ဆန်းစတားပြက္ခဒိန်ဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်နှင့် မန္တလေး ဆန်းစတား၊ ၂၉ လမ်း၊ ဖုန်း–၀၂–၃၁၀၅၅ တို့က ဖြန့်ချိထားကြောင်းသိရသည်။ (ဝဲပုံ) (က–ပ)

ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် ဩဝါဒါစရိယဆရာတော်ကြီးကိုးပါးထံမှဩဝါဒခံယူပွဲနှင့်ဩဝါဒါစရိယဆရာတော်ကြီးများအား ပူဇော်ပွဲကို ယနေ့နံနက်၉နာရီက မင်္ဂလာဗျူဟာ အသင်းချုပ်တွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်အရှင်သူမြတ်အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူသည်။ (က–ပ)

မူဆယ်၌ ဘိန်းဖြူ ၇ ဒသမ ၆ ကီလိုဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၆

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်တွင် မူဆယ်မြို့ မန်ဝန်းရပ်ကွက် အိမ်အမှတ်(မရှိ)နေ ဟန်လီယုတ်၏နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေစစ်ဆေးရာ ဟန်လီယုတ်အား နေအိမ်တွင်မတွေ့ရဘဲ ယင်းအိမ်တွင်ရောက်ရှိနေသူ မူဆယ်မြို့ မုံးပေါ်ကျေးရွာ (၃)ရပ်ကွက်နေ ဦးမာကမ်း၏သား ခေါင်ရှင်း(ခ)ဟုန်ယီမြင့်နှင့် မူဆယ်မြို့ စွမ်းဇော်ရပ်ကွက်နေ ဦးမိုင်ခမ်း၏သား အိုက်ယီတို့ နှစ်ဦးအား ဘိန်းဖြူ ၇ ဒသမ ၆ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက် လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး(၁/၂၀၀၄)ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး (၁/၂၀၀၄)ကို ယမန်နေ့မွန်းလွဲ၁နာရီက ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၀၄)တွင်အဖွင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ၂၀၀၃ ခုနှစ်အတွင်း မူးယစ်ဗဟိုနှင့် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြရာတွင် မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းများအရ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ၂၀၀၃ခုနှစ်အတွင်း အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလအထိ နှစ်ချင်းသီးနှံမျိုးစေ့ ဖြန့်ဖြူးမှုအနေဖြင့် အထွက်ကောင်းစပါးမျိုး၊ အစေ့ထုတ်ပြောင်း၊ ဂျုံ၊ ပဲမျိုးစုံစသည့် သီးနှံမျိုးစေ့ ၈၂၂၁ တင်း၊ စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ ၃၉၅၇၅၆ကီလို၊ စားဖိုဆောင်သီးနှံမျိုးစေ့၁၃၆၅၆ပိဿာ ရှိခဲ့ကြောင်း၊ နှစ်ရှည်ပျိုးပင် ဖြန့်ဖြူးမှုမှာလည်း ပျိုးပင်အရေအတွက် ၅၅၉၃၂၃ ပင်၊ ဓာတ်မြေသြဇာဖြန့်ဖြူးမှု ၁၆၁၆ဒသမ၆တန်၊ ပိုးသတ်ဆေးရည် ၇၆၅ဒသမ၅လီတာ၊ ပိုးသတ်ဆေးမှုန့် ကီလို၈၀ရှိခဲ့ပြီး သီးနှံစံပြကွက် ဆောင်ရွက်နိုင်မှု ၂၁၇၅ ဒသမ၅ဧက၊ သီးနှံစမ်းသပ်ကွက် ၇၆ ဒသမ၅ ဧက၊ ဘိန်းအစားထိုး စိုက်ပျိုးရေးအတွက် မြေယာဖော်ထုတ်ပေးနိုင်မှု ၆၀၁၇ဧကရှိခဲ့ကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းအရ ၂၀၀၃-၂၀၀၄ စိုက်ပျိုးရာသီအတွင်း မိုးသီးနှံစိုက်ပျိုးရန် ၁၉၃၂၇ဧကလျာထားသည့်အနက် ၁၉၄၇၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု ၁၀၁ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရေးတွင် ၁၀၅၇၀ ဧက လျာထားသည့်အနက် နိုဝင်ဘာ ၃၀ ရက် အထိ ၄၉၉၃ ဧက စိုက်ပျိုးနိုင်မှုကြောင့် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှု ၄၇ ရာခိုင်နှုန်းရှိကြောင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံ နှစ်မျိုးပေါင်း စိုက်ပျိုးပြီးစီးမှု ၈၂ရာခိုင်နှုန်းခန့် ရှိနေပြီဖြစ်ကြောင်း။

ငါးသားပေါက်မျိုးစိုက်ထည့်

မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ၂၀၀၃ခုနှစ်အတွင်း စီမံကိန်းဝင်နယ်မြေဒေသကျေးရွာများတွင် တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် ပန်းတိုင်သစ်ရန်ပုံငွေမှ ထုတ်ပေးခဲ့သည့် ငွေကျပ် ၁၂၅သိန်းဖြင့် မျိုးဝက်၊ မျိုးကြက် ဖြန့်ဖြူးခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျင်းနှင့် လွယ်ယုံဒေသ၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွမ်ဟိန်းနှင့် ဟိုမိန်းဒေသ၊ 'ဝ'ဒေသ ပန်ဆမ်း၊ နမ့်တစ်၊ မိုင်းမော၊ ပန်ဆိုင်းနှင့် ဒီးမားနယ်မြေများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ကိုးကန့်ဒေသ မွေးမြူရေးလုပ်ငန်း အထူးစီမံချက်အရ နို့စားနွား၊ ဆိတ်၊ ကြက်စသည့် တိရစ္ဆာန်များကို သက်ဆိုင်ရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၀၃ခုနှစ်အတွင်း ဖြန့်ဖြူးပေးခဲ့သည့်အပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ငါးသားပေါက်ကောင်ရေ ၁ ဒသမ ၁သိန်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း။

ပညာပေးဆွေးနွေးပို့ချ

ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းအဖွဲ့အနေဖြင့် ၂၀၀၃ခုနှစ် ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းအခြေပြု ကိုယ်စိတ်ကျန်းမာ ဘဝတာနှင့် HIV/ AIDS တားဆီးနှိမ်နင်းရေး(SHAPE)စီမံကိန်းအရ စီမံကိန်းဝင်မြို့နယ်(၄၀)မှ အခြေခံပညာအထက်တန်း ဆရာဆရာမများကို သင်တန်းပို့ချလေ့ကျင့်ပေးခြင်း၊ ကော့သောင်းခရိုင် မူးယစ်ဆေးဝါးကင်းမဲ့ဒေသ တည်ဆောက်ရေးစီမံကိန်းအရ ကော့သောင်းမြို့နယ် ဘုတ်ပြင်းမြို့နယ်များမှ အခြေခံပညာဆရာဆရာမများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးသင်တန်းဖွင့်လှစ်ခြင်း၊ သင်တန်းတက်ရောက်ခဲ့ပြီးသည့် ဆရာဆရာမများမှ ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၅၅၀၀ အား မူးယစ်ဆေးဝါးအန္တရာယ်၊ ခုခံအားကျဆင်းမှုရောဂါနှင့် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးလိပ်အန္တရာယ် အသိပညာပေး ဆွေးနွေးပို့ချခြင်းများ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပန်းတိုင်သစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် ဘိန်းစိုက်ပျိုးခြင်းမပြုတော့သည့် တောင်သူများ စားဝတ်နေမှု အခက်အခဲမရှိစေရေးအတွက် ၂၀၀၃ခုနှစ်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးနှင့် လောက်ကိုင်နယ်မြေဒေသများမှ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် ဆန်အိတ် ၆၀၀၀နှင့် ဆားအိတ် ၁၅၀ကို ၂၀၀၃ခုနှစ် ဖွန်လအတွင်းမှာ ထောက်ပံ့ပေးခဲ့ကြောင်း၊ လိုအပ်သည့် ရန်ပုံငွေကို (နတလ)လုပ်ငန်းကော်မတီ၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ပြီး မူးယစ်ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီး လေးဦးကိုယ်တိုင် သက်ဆိုင်ရာနယ်မြေဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး တောင်သူများလက်ဝယ်အရောက် လွှဲပြောင်းပေးအပ် ထောက်ပံ့ခဲ့ကြောင်း။

နိုင်ငံတကာကအသိအမှတ်ပြု

အလားတူ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် နိုင်ငံတကာ NGO များဖြစ်ကြသည့် World Vision Care, ADRA အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်အထူးဒေသ(၁)မှ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် ဆန်တန်ချိန် ၇၆၀ ကို ၂၀၀၃ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ကြောင်း။

ဆက်လက်ပြီး တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာဥပဒေကို ၂၀၀၂ ခုနှစ် ဇွန်လ ၁၇ ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၆/၂၀၀၂) ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၃)ဖြင့် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ တစ်ဆက်တည်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ အာရှနေဘဏ်နှင့် မြန်မာမေဖလားဝါးပုဂ္ဂလိကဘဏ်နှစ်ခုအပေါ် တရားမဝင်သော ငွေကြေးများကို တရားဝင်စေရန် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဒီဇင်ဘာ ၅ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတကာနှင့်ပူးပေါင်း

မူးယစ်ဗဟိုအဖွဲ့၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍနှင့် ပတ်သက်ပြီး ၂၀၀၃ ခုနှစ်အတွင်းတွင် အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ အပါအဝင် အခြားနိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ထူးထူးခြားခြား အောင်မြင်မှုတစ်ခုအနေဖြင့် တင်ပြရပါက မြန်မာနိုင်ငံအား ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် (Commission on Narcotic Drugs-CND)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ရွေးချယ်ခံခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီ ၈ ရက်နှင့် ၁၇ ရက်အထိ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့် (၄၆)ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်၏ ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း၊ အစည်းအဝေးအပြီး ဧပြီ ၂၉ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ဖွဲ့စည်းမှုဆိုင်ရာ အစည်းအဝေးမှ မြန်မာနိုင်ငံအနေဖြင့် CND အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူရွေးချယ်ခဲ့ကြောင်း၊ ယင်းသို့ မြန်မာနိုင်ငံအား CND အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရခြင်းသည် CND စတင်ထူထောင်ခဲ့သည့် ၁၉၄၆ ခုနှစ်ကစပြီး ယနေ့အထိ ပထမဆုံးအကြိမ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပြီး ထိုသို့ ရွေးချယ်ခံရသည့်အတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လေးနှစ်ကြာ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိမှာဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ပြည်ပနိုင်ငံများတွင် ကျင်းပသည့် ညီလာခံအစည်းအဝေး၊ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တက်ရောက်ခဲ့ရာတွင် ၂၀၀၃ခုနှစ်အတွင်း ညီလာခံများသို့ ငါးကြိမ်၊ ဆွေးနွေးပွဲများသို့လေးကြိမ်၊ အစည်းအဝေးများသို့ ၁၁ ကြိမ်၊ သင်တန်းများသို့ လေးကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများသို့ ခုနစ်ကြိမ်၊ လေ့လာရေးအနေဖြင့် သုံးကြိမ် စုစုပေါင်းကိုယ်စားလှယ် ၁၀၉ ဦး စေလွှတ်တက်ရောက်စေခဲ့ကြောင်း။

လေ့လာရေးခရီး

၂၀၀၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် နိုင်ငံတကာ အစည်းအဝေးများအနေဖြင့် (၂၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများ (ASEAN Senior Officials Drug Matters-ASOD)အစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်ထိလည်းကောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ACCORD လုပ်ငန်း အဖွဲ့အစည်းအဝေးကို အောက်တိုဘာ ၁၆ရက်တွင် လည်းကောင်း ကျင်းပခဲ့ပြီး အစည်းအဝေးပွဲများအပြီးတွင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-တရုတ်နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နေမှုများကို ကြည့်ရှုနိုင်ရန် လေ့လာရေးခရီးစဉ် စီစဉ်ပေးခဲ့ကြောင်း။

အဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဆင့်မြင့်အရာရှိများအစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ရက်များတွင် တောင်ကြီးမြို့၌ကျင်းပခဲ့ရာ အစည်းအဝေးတွင် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေး စသည့်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည့်အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယောင်ခစံပြကျေးရွာ တည်ထောင်ရေးစီမံကိန်းကိုလည်း ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် (၁၆) ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ မြန်မာ-တရုတ် နှစ်နိုင်ငံ ဒုတိယအကြိမ် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် တာချီလိတ်မြို့၌ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု သတင်းဖလှယ်ရေး သင်တန်းများဖွင့်လှစ်ပို့ချရေး၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ဘိန်းအစားထိုး သီးနှံများကို တရုတ်နိုင်ငံမှ ဝယ်ယူရေး၊ တရုတ်နိုင်ငံတွင် မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံသားများနှင့် ပတ်သက်သည့် နောက်ဆက်တွဲသတင်းများ ပေးပို့ရေးနှင့် တရုတ်နိုင်ငံ အကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို အားရကျေနပ်သည့်အတွက် တရုတ်နိုင်ငံမှ ယွမ်ငွေငါးသိန်း ထောက်ပံ့ခဲ့သည့်အပြင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် မော်တော်ယာဉ်နှစ်စီးကို ချင်းရွှေဟော်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ မူးယစ်ဆေးဝါးပြစ်မှုနှင့် အလိုရှိသည့် တရားခံများကို မြန်မာနိုင်ငံအတွင်း ရှာဖွေဖမ်းဆီးပြီး တရားခံလွှဲအပ်ပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၁ခုနှစ်မှ ယနေ့အထိ တရားခံ ၂၂ဦး လွှဲအပ်ပေးနိုင်ခဲ့ကြောင်း။

ဘိန်းထုတ်လုပ်မှုကျဆင်း

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြီး ၁၉၉၆ ခုနှစ်မှစတင်၍ ဘိန်းအထွက်နှုန်း တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ဘိန်းစိုက်ပျိုးမှုသာမက ထုတ်လုပ်မှုပါ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၁ခုနှစ် ဘိန်းစိုက်ပျိုးမှု ဟက်တာပေါင်း ၁၀၅၀၀၀ရှိခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် ဟက်တာပေါင်း ၇၇၇၀၀ စိုက်ပျိုးခဲ့၍ စိုက်ပျိုးမှု ၂၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်တွင်လည်း ဟက်တာ ၄၇၁၃၀စိုက်ပျိုးကြောင်း၊ တိုင်းတာသိရှိရသည့်အတွက် ထပ်မံပြီး ၃၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ဘိန်းထုတ်လုပ်မှု အနေဖြင့် ၂၀၀၂ခုနှစ်မှာ တန် ၆၃၀ ရှိခဲ့ရာ ၂၀၀၃ခုနှစ်တွင် ၄၈၄ တန်အထိ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရကြောင်း၊ UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူရေးလုပ်ငန်းတိုင်းတာရရှိချက်များအရ ၂၀၀၂ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၈၁၄၀၀ ရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဟက်တာ ၆၂၂၀၀ ရှိခဲ့သည့်အတွက် ဘိန်းစိုက်ပျိုးမှု ၂၄ရာခိုင်နှုန်းကျဆင်းသွားပြီး ထုတ်လုပ်မှုတွင် ၈၂၈တန်မှ ၈၁၀တန်သို့ ကျဆင်းသွားသည်ကို တွေ့ရပါကြောင်း။

ယခု ၂၀၀၄ခုနှစ်အတွင်းတွင်လည်း UNODC နှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးဇုန်တွင် ၁၈မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဇုန်တွင် ကိုးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဇုန်တွင် ၁၆မြို့နယ်၊ 'ဝ'အထူးဒေသ ခြောက်မြို့နယ်နှင့် 'ဝ'စီမံကိန်းနယ်မြေများတွင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ တိုင်းတာရေးလုပ်ငန်းများ မစတင်မီ လက်တွေ့ကွင်းဆင်းတိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့ဝင်များအား ဇန်နဝါရီ ၁ရက်မှစပြီး သက်ဆိုင်ရာ ဇုန်နယ်အလိုက် သင်တန်းထားပေးပြီးဖြစ်ကြောင်း ပြောကြားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ်စီမံကိန်း New Destiny Project ကို ရေးဆွဲပြီး ဒုတိယဝန်ကြီးလေးဦးအဖွဲ့က စီမံကိန်းနယ်မြေဒေသများအတွင်း ကွင်းဆင်းလှည့်လည်သွားရောက် ကြပ်မတ်ကွပ်ကဲခြင်း၊ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်နိုင်ခဲ့ကြ၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းသွားသကဲ့သို့ လောလောဆယ် ကြုံတွေ့နေရသည့် ဓာတုဗေဒပစ္စည်းဖြင့်ထုတ်လုပ်သော စိတ်ကြွရူးသွပ်ဆေး(မက်သာဖက်သမင်း) ပြဿနာ လျော့နည်းပပျောက်စေရေးအတွက် လက်တွေ့ကွင်းဆင်းဆောင်ရွက်မည့် စီမံချက်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်သွားနိုင်ရေး၊ တာချီလိတ်ဒေသတွင် မူးယစ်ဆေးဖြတ် ကုသရေးစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်းများ ထူထောင်နိုင်သကဲ့သို့ မြဝတီ၊ ကော့သောင်း နယ်စပ်ဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ ဘိန်းမစိုက်တော့သည့် တောင်သူများ စားဝတ်နေရေးအတွက် ထောက်ပံ့မှုပေးရေး လုပ်ငန်းလိုအပ်ချက်များရှိနေခြင်းအပေါ် အတတ်နိုင်ဆုံး ထောက်ပံ့မှုပေးသွားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ယခု ၂၀၀၄ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၊ UNODC တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စာရင်းဇယားကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ရာတွင် အနီးစပ်ဆုံး တိကျမှန်ကန်မှုရှိအောင် အလေးထားဆောင်ရွက်သွားရေးတို့ကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က နယ်စပ်ဒေသများဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့နယ်များတွင် ၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဖြတ် ကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး၊ ကွတ်ခိုင်နှင့် မူဆယ် ဒေသတွင် မူးယစ်ဆေးဖြတ် ကုသရေးစခန်းတစ်ခု ဖွင့်လှစ်သွားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ၂၀၀၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ကျင်းပခဲ့သော မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး (၃/၂၀၀၃)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကိုတင်ပြရာ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်
ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့်
ကြက်/ငါးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီ
ကြေညာချက်

၁။ စိုက်ပျိုးမြေ ငါးဧက တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊လျှပ်စစ်မီးနှင့် ရေပြွန်ပေါက်ပြုလုပ်ရန် တစ်ယူနစ်လျှင် ကျပ် ၆၇၀၀၀၀ ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ ကြက်၊ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အား ခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ။ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊ သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်သလွန်၊ ကြောင်လျှာ၊ သံပရာ၊ ရှောက်၊ ကျွဲကော၊ လိမ္မော်၊ ကွမ်းသီး၊ အုန်း၊ ငှက်ပျော၊ သဘော် စသည့် အပင်လတ်အုပ်စုများကိုသာ စိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့်ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့် ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်၊ငါးများကို ပြည်တွင်း ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် ငါးနှစ်စိုက်ပျိုးပြီး လုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု**(မပြု)**။

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင် အနည်းဆုံး တစ်ယူနစ် ငါးဧကမှ အများဆုံး နှစ်ယူနစ် ၁၀ ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်းသုံးနှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ ဧက၊ ကြက် မွေးမြူရေးလုပ်ငန်း ၁၉၈၃ ဧက၊ ငါးမွေးမြူရေးလုပ်ငန်း ၇၈၃ဧက၊ စက်မှုလုပ်ငန်း ၁၅၅ ဧက စုစုပေါင်း ၁၀၅၉၂ ဧက ခွင့်ပြုချထားပေးပြီး ဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ ခြောက်သိန်းကျော်၊ ဥစားကြက်ကောင်ရေ တစ်သိန်းကျော် စုစုပေါင်း ကြက်ကောင်ရေ ခုနစ်သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်-ပြည်လမ်းဘက်မှဇုန်အဝင် ကတ္တရာလမ်းငါးမိုင်၊ ရန်ကုန်- ပဲခူးလမ်းဘက်မှဇုန်အဝင် ကွန်ကရစ်လမ်းမကြီး လေးမိုင်၊ ဇုန်အတွင်း မြေသား ဂဝံလမ်း ၁၀၈ မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗွီအေဓာတ်အားလိုင်း၂၈မိုင်၊(၄၀၀)ဗို့လိုင်း ၅၄ မိုင် သွယ်တန်းပေးထားပြီး ၂၄ နာရီ ဓာတ်အားသုံးစွဲခွင့် ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့် အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင် ၁၀၀ ဦး သုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ ထပ်မံ၍ လိုင်း ၅၀၀ ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံ တစ်ခုဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက် မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင်၊ ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်းမြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့် ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီ ဖွဲ့စည်းထားပြီးဇုန်အတွင်း စိုက်ပျိုးရေးလုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာအရောင်းဆိုင်များ ဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့် ရဲကင်းစခန်း(၃)ခုဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း(၁)ခုနှင့် ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်း လုပ်ကိုင်ရန်စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဖုန်း-၃၇၀၅၀၈
တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁)တာဝန်ခံ ဖုန်း-၆၆၄၀၉၃
တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း-၆၄၂၂၂၇
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ ဖုန်း-၃၈၀၂၇၃
တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန
အမှတ် ၄၈၆၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ ဖုန်း-၆၀၁၁၀၀EX- ၁၄၄
မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။

၂၂။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀) ယူနစ်(၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီးဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏လုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများ အတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသောလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့် သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာ အဖွဲ့က ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်မှုအခြေအနေများကြည့်ရှုစစ်ဆေးသည့်သတင်းနှင့်မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ ဖွင့်ပွဲတက်ရောက်ချီးမြှင့်သည့် သတင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်းဖွင့်ပွဲ တက်ရောက်သည့်သတင်း၊ ညွန့်ဟံ(ကြူတော)၏သိချင်မှတ်ချင်စိတ်နှင့် အသုံးချပညာ၊ ချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှတိုးတက်မည်၊ စန်းနီလာဝင်း၏ ရေလိုက်လွဲမိလျှင်၊ ဆြာအေး(ပထဝီ)၏ရန်ကုန်မြို့တော်ဗဟိုဒေသ၏ပို့ဆောင်ဆက်သွယ်ရေးကွန်ရက်၊ အောင်ဇေယျ (နည်းပညာတက္ကသိုလ်)၏ ရဲနွယ်ချောင်းရေအားလျှပ်စစ်စီမံကိန်း၏ အားမာန်၊ မွေးနံ့သာ၏ စာပေတင့်မှ လူမျိုးမြင့်မည်၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်(၄)နှင်းသစ္စာကျော်၏ အမျိုးသားယဉ်ကျေးမှု၊ဒေါက်တာ လှမောင်၏ လူငယ်များအတွက်စီးပွားရေး ပညာရပ်၊ မောင်မောင်ဟန်(မကွေး)၏ တို့စေတနာတို့တာဝန်(ကဗျာ)၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ စည်းရုံးရေးနယ်မြေအတွင်း လှုပ်ရှားမှုများ၊ နိုင်ငံတကာဖြစ်ရပ် သတင်းနှင့်သတင်းဆောင်းပါးများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ကံမအထက အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

သရက်ခရိုင် ကံမမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)၏ ကံမ အထကမှ ပညာထူးချွန် ကျောင်းသား ကျောင်းသူ ဂုဏ်ပြုဆုပေးပွဲကို ကံမ အထက မြဝတီခန်းမ၌ ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပရန် စီစဉ်ထားသည်။

ကံမ အထကတွင် အနည်းဆုံး နှစ်နှစ် တာဝန် ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရပ်ဝေးရောက် ဆရာ ဆရာမကြီးများနှင့် ပါဝင် လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများသည် ဦးစန်းလွင် (ကျောင်းအုပ်ကြီး၊ အထက၊ ကံမ)၊ ဦးဝင်းအောင် ဖုန်း-၅၄၁၇၇၃၊ ၃၈၁၈၄၀၊ ဦးအောင်တိုး ဖုန်း-၀၉၉၉၂၄၇၇၃၊ ဦးသိန်းတန် ဖုန်း-၂၄၄၁၀၅၊ ဦးစိုးငြိမ်း ဖုန်း-၂၄၄၇၆၀ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

ရပ်ဝေးမှ လာရောက်ကန်တော့ခံ ဆရာ ဆရာမကြီးများ အတွက် အထက ကံမ၌ နေထိုင်စားသောက်ရေးများ ကြိုတင်စီစဉ်ထားရှိမည်ဖြစ်ပြီး ရန်ကုန်မှ လိုက်ပါကန်တော့လိုသူများအတွက် ဇန်နဝါရီ ၁၇ ရက် (စနေနေ့)နံနက် ၇နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံရှေ့ စုရပ်မှ ကားများ စတင်ထွက်ခွာမည်ဟု သိရသည်။ **(က-ပ)**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့်ဂုဏ်ပြုဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊မြန်မာတစ်ပြည်လုံး(ဝိဇ္ဇာ/သိပ္ပံ)ထူးချွန်စွာအောင်မြင်သူများ၁၀ဦးစာရင်းတွင် ပါဝင်သူများ၊ နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူး၊ ဘွဲ့ထူး၊ အကယ်ဒမီဆုရရှိသူများအား မြို့နယ်အသင်းက ထပ်ဆင့်ဂုဏ်ပြုဆုနှင်းပွဲများကို ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဝင်းအတွင်းရှိ အသင်းဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

မြို့နယ်အသင်းဝင် အသက်(၇၅)နှစ်ပြည့်ပြီးသူများ၊ ဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်သူ ကျောင်းသား၊ ကျောင်းသူအသင်းဝင်နှင့် အသင်းဝင် သားသမီးများ အမည်စာရင်းကို ဇန်နဝါရီ၂၀ရက်နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးထွန်းလှ ဖုန်း-၂၂၁၄၃၉၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဇော် ဖုန်း-၂၉၁၃၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၂၂၈၈၁၃၊ အသင်းတိုက် ဖုန်း-၂၁၂၅၀၈တို့သို့ ဆက်သွယ်ပေးပို့ရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ဒီဇင်ဘာ ၃၁ရက်က ဒေါက်တာ ဦးချန်တီတ်(သီရိပျံချီ)ဒေါ်ခင်ဖွား (လူမှုထူးချွန်ဆု တတိယဆင့်)၊ သမားတော်ကြီး ပါမောက္ခ ဒေါက်တာ ဦးအောင်သန်းဘတူ(ငြိမ်း) ဇနီး ဒေါက်တာဒေါ်ခင်ခင်ထွေး၊ ဦးခင်မောင်ဝင်း ဇနီး ဒေါ်ခင်လှမူဝင်း မိသားစုတို့က အမှတ် ၁၃၃ သံလွင်လမ်း ဝင်ဒါမီယာ ရန်ကုန်မြို့နေအိမ်တွင် နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌဦးကျော်သူ၊ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ(ရွှေဓါးကွက်)တို့သို့ အလှူငွေကျပ် ၇၀၀၀၀၀ (ခုနစ်သိန်း)ကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၆

ဦးချစ်ခိုင်(Eden Group)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော် ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဒီဇင်ဘာ ၃၁ ရက် ၃း၅၀နာရီတွင် ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၁၂)၌ (၁၆၀) ကိုက်အကွာမှ Srixon (3) ဘောလုံးကို Palmer Iron No(5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဒေါက်တာ မောင်လှ၊ ဦးကျော်ဝင်း၊ ဦးကျော်စွာနှင့် ဦးလှဝင်းတို့ အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ဝမ်းမြောက်ဂုဏ်ယူကြောင်း

မြန်မာ့ရုပ်ရှင်သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မရသေးသော အကယ်ဒမီရွှေစင်ရုပ်ထု ခုနစ်ဆုကို နှစ်(၅၀)မြောက်ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်ပွဲကြီး၌ ကြယ်တံခွန်ရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ဇာတ်ကားဖြစ်သော "ငါ့သူ တစ်ပါး ယောကျ်ား မိန်းမ" ဇာတ်ကားကြီးဖြင့် ဆွတ်ခူးရရှိသည့် အတွက်လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကိုစင်ဇာခြည်ကျော်က ဆွတ်ခူးရရှိသည့်အတွက် အလွန် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်း။

ဘဘဦးအောင်ခိုင် (နှင့်မြန်မာ တိုက်ဘယ်၊ မန္တလေး)

ဆုတောင်းပြည့် ဖောင်တန့်နား မဟာစေတီတော်ကြီး စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ်တင်လှူ

ရန်ကုန် ဇန်နဝါရီ ၆

သာစည်မြို့နယ် ဝမ်းသာရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဖောင်တန့်နားမဟာစေတီတော်ကြီး စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲ၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ယင်းစေတီတော်ရင်ပြင်ရှိ ရဟန္တာ ၅၀၀ သိမ်သမုတ်ထားသည့် သိမ်တော်ကြီးနှင့်သိမ်ဦးစေတီတော်ထီးတော်အသစ်တင် မင်္ဂလာအခမ်းအနားတို့ကို ဇန်နဝါရီ ၁ ရက်က ယင်းစေတီတော်ရင်ပြင်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

တက်ရောက်ကြည်ညို

ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြင်းခြံဆရာတော် ဘဒ္ဒန္တ ကိတ္တိအမှူးပြုသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ဖောင်တန့်နားမဟာစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ သာစည်မြို့နယ် သံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ကျေးရွာသံဃနာယကအဖွဲ့ဝင်ဆရာတော်များ အပါအဝင် ပင့်သံဃာ ၁၂၀ကြွရောက်တော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မိုးကုတ်၊မိတ္ထီလာ၊ ဝမ်းတွင်းမြို့နယ်တို့မှ အလှူရှင်များ၊ သာစည်မြို့နယ်အတွင်းရှိ လျှော်ပင်၊တမာကုန်း၊ဟံဇား၊ဝမ်းသာရွာတို့မှ အလှူရှင်များ၊ ဗုဒ္ဓဘာသာဝင်များ တက်ရောက် ကြည်ညိုကြသည်။

ထို့နောက် စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့်အရံစေတီတော်များ၏ ထီးတော်များ၊ သိမ်ဦးစေတီတော် ထီးတော်အသစ် တင်လှူပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အစီအစဉ်အရစေတီတော်ကြီးတွင် ဆက်ကပ်လှူဒါန်းပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် အရံစေတီတော်များ၏ထီးတော်များ၊သိမ်ဦးစေတီတော်၏ ထီးတော်အသစ်တို့ကို အလှူရှင်များကကိုင်ဆောင်လျက် စေတီတော်ကြီးအား လက်ယာရစ်ပူဇော်ကြပြီး တပ်မတော်(လေ)မြလေယာဉ် ထီးတော်တင်အဖွဲ့၏ ၁၈၉၅ ဆူမြောက် ထီးတော်တင် မင်္ဂလာပံ့ပိုးကူညီမှုဖြင့် ရတနာပန်းရထားကို ကြိုးဆွဲ၍ စေတီတော်ကြီး၏ အထက်ဘုံအဆင့်ဆင့်သို့ ဆက်ကပ်တင်လှူပူဇော်ကြသည်။

ဆက်လက်၍ သိမ်တော်ကြီးနှင့် သိမ်ဦးစေတီတော် ထီးတော်အသစ်တင်မင်္ဂလာအခမ်းအနားကိုဆက်လက်ကျင်းပသည်။

ရွှေမိုးငွေမိုး

ထို့နောက် အခမ်းအနားအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးသည့် အပြင် ပွဲတော်ကို နတ်တော်လဆန်း ၁၁၊၁၂၊၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပခုက္ကူနိကာယဝင်စာရင်းများ ပေးပို့ရန် နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၆

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပခုက္ကူနိကာယ (၁၁)ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲကြီးကို ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၄၊၅၊၆ ရက် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၉၊၁၀၊၁၁ ရက်တို့တွင် ကျင်းပရေးအတွက် နိကာယဝင် သံဃာတော်များစာရင်းကို ၂၀၀၃ခုနှစ် အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် စာတိုက်မှ ပေးပို့ တောင်းခံခဲ့ပါသည်။ နိကာယဝင် သံဃာတော်များထံ ပင့်စာများပေးပို့နိုင်ရေးအတွက် ဒေသိယဂဏဘာရနိတ္ထာရက ဆရာတော်များအနေဖြင့် ကျန်ရှိသော စာရင်းဇယားများကို ဘဒ္ဒန္တ သောဘန (သမ္မုတိ ဂဏဘာရနိတ္ထာရက) ဂဏဝါစကအမှုဆောင်အဖွဲ့ မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့ (ဖုန်း ၀၆၂-၂၁၉၇၄)သို့ လျင်မြန်စွာ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ ပေးပို့ပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့၊မွန်ပြည်နယ်

ရွှေဆိုင်းတင်သွင်းရန်ကြော်ငြာခြင်း

၁။ ၂၀၀၄ခုနှစ် မတ်လ(၅)ရက်၊ ၁၃၆၅ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျင်းပပြုလုပ်မည့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးတည်ထားရာ ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် နှစ်လက်မပတ်လည် ရွှေဆိုင်းများ ဝယ်ယူမည် ဖြစ်ပါသည်။ ရွှေဆိုင်းပေးသွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက် အထားများပူးတွဲလျက် (၁၀-၁-၂၀၀၄)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်းသို့ လျှောက်ထားနိုင်ပါသည်။
(က) စက်မှုလက်မှုလုပ်ငန်းလိုင်စင်မိတ္တူ
(ခ) လုပ်ငန်းမှတ်ပုံတင်မိတ္တူ
(ဂ) ရွှေဆိုင်းလုပ်ငန်းအမြတ်ခွန်ပြေစာ သုံးနှစ်စာမိတ္တူ
(၂၀၀၀-၂၀၀၁)မှ(၂၀၀၂-၂၀၀၃)
(ဃ) ရွှေဆိုင်းနမူနာ(၁၀)ရွက်ဆိုင်း တစ်ဆိုင်း
၂။ လျှောက်လွှာတင်သွင်းထားသည့် လုပ်ငန်းရှင်များသည် (၁၁-၁-၂၀၀၄)ရက်နေ့ နံနက် (၁၀)နာရီတွင် ဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်းသို့လာရောက်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊
ကျိုက်ထီးရိုးစေတီတော်။

ပြန်လည်ရှင်းလင်းကြေညာချက်

၃-၁-၂၀၀၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ရှိ နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း ကြေညာချက်သည် မှန်ကန်မှုမရှိပါ။ ကျွန်မဒေါ်စန်းစန်းဝင်း(ခ) ဒေါ်ဘောဘီနှင့် ဦးရဲမြင့်တို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်းမှာ မှန်ကန်သော်လည်း ပစ္စည်းခန်းကိစ္စနှင့်ပတ်သက်၍ ကြေညာချက်ပါအတိုင်း တရားဝင်ခွဲဝေပြီးစီးခြင်း မရှိသေးပါ။ ပစ္စည်းခန်းနှင့်ပတ်သက်၍ တရားဝင်ခွဲဝေနိုင်ရန်အတွက် တရားဥပဒေအရ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ သို့ပါ၍ လင်မယားနှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ကျွန်မ၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ဘောဘီ
၁၂/သဃက(နိုင်)၁၄၀၃၂၈။

ဇန်နဝါရီ ၄ ရက်က အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ဒဂုံမြို့နယ် ပညာရေးစုံညီပွဲတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆုပေးပွဲ ကျင်းပရာ ဗဟိုအဆင့်မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲ၌ အဆိုပညာရှင် မဟာဂီတ ပထမ၊ ဓမ္မပူဇာတေး ပထမ၊ ခေတ်ဟောင်းကာလပေါ် ပထမရရှိသူ ရွှေတံဆိပ်ဆုရှင် မောင်အောင်ကျော်ဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်သူက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ဒုတိယအဆင့်လက်ရည်စစ် စစ်တုရင်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဒုတိယအဆင့် လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်မှ စတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်ရာ ပထမအဆင့် လက်ရည်စစ်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူ ၂၄ ဦး၊ ဒုတိယအဆင့် လက်ရည်စစ်ပြိုင်ပွဲသို့ တိုက်ရိုက်ပါဝင်ခွင့် ရရှိပြီးသူများ ဖြစ်ကြသည့် ၂၀၀၃ ခုနှစ် အမျိုးသား တံခွန်စိုက်လက်ရွေးစင် ၁၂ ဦး၊ ၂၀၀၃ ခုနှစ် ဝန်ကြီး ဌာနပေါင်းစုံပြိုင်ပွဲမှ ပထမတန်း၊ ဒုတိယတန်း၊ အမြန်ရွှေ့ ပြိုင်ပွဲများမှ အကောင်းဆုံး ကစားခုံဆု ရရှိကြသူများ၊ ၂၀၀၃ ခုနှစ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ချန်ပီယံ၊ ၂၀၀၃ ခုနှစ် အသက်(၂၀)အောက် လူငယ်တံခွန်စိုက် ချန်ပီယံ၊ ၂၀၀၃ ခုနှစ် ပြည်နယ်နှင့်တိုင်း လူငယ်တံခွန်စိုက် ချန်ပီယံနှင့် ၂၀၀၃ ခုနှစ် အမျိုးသမီးတံခွန်စိုက် ချန်ပီယံအားလုံးတို့သည် ဇန်နဝါရီ ၁၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပဋ္ဌာန်းသိမ်းအောင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ချမ်းမြေ့ဂုဏ်ဝေသီလရှင်စာသင်တိုက်ကြီးတွင် ဆရာတော်သံဃာတော်အပါး ၇၀တို့က ဇန်နဝါရီ၁ရက်မှ၇ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ **(က-ပ)**

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ကျော်ကျော်ဦး [၁၂/ပဘတ(နိုင်)၀၂၅၃၇၃]သည် မိဘအား စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်ရေးနှင့် ပတ်သက်၍ လုံးဝ တာဝန်မယူပါ။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဖခင် ဦးအောင်ဝင်း
၁၂/ကတတ(နိုင်)၀၂၄၀၅၆။

ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ ကျုံပျော်မြို့တွင်ဇုန်(၄)အုပ်စုပတ်လည်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၆

ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲကို ကျုံပျော်မြို့ ပြည်သူ့အားကစားကွင်းတွင် ဒီဇင်ဘာ၈ရက် မွန်းလွဲ၂နာရီကကျင်းပရာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မြက ကွင်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ပြိုင်ပွဲဇုန်(၄)တွင် ရန်ကုန်၊ ကချင်၊ မွန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ပါဝင်ခဲ့ရာ ဖွင့်ပွဲနေ့တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ကချင်ပြည်နယ် ရဲတပ်ဖွဲ့ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်၊ မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးစိန်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

စတားစပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

တာဝန်ခံအယ်ဒီတာ ဟိန်းသန့်စီစဉ်သည့် စတားစပို့စ်ဂျာနယ် အမှတ်(၈၃)ကို ဖြန့်ချိထားသည်။ **(အောက်ပုံ)**

ယခုအပတ်တွင် ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှ သတင်းအစုံအလင်နှင့် တကွ မန်ချက်စတာ ယူနိုက်တက်... [illegible]

ယခုအပတ်တွင် ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှ သတင်းအစုံအလင်နှင့် တကွ မဏ္ဍာနီတိုင်ထိပ်ဖျားမှာလာနားတဲ့ ငှက်ကျား၊ အလံထူကာ စံနမူနာပြဖို့ မန်ယူလာပြီ၊ ဘာစီလိုနာအသင်းနှင့် ရီကတ်၏ရှေ့ခရီး၊ ဖာဂူဆင်ဆိုသည်မှာ လက်ညှိုးညွှန်ရာ ရေဖြစ်စေသောသူ၊ ဖာဒီနန်မရှိသော မန်ယူခံစစ် ဘယ်လိုဖြည့်မလဲ စသည့်ဆောင်းပါးများ ဖော်ပြပါရှိသည်။ **(က-ပ)**

ဂုဏ်ပြုဆု

ဇန်နဝါရီ ၄ ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲဆုပေးပွဲတွင် ဆုရကလေးအား မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စန်းတင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၂၂)

ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၄

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့ကအဆက်)

စိမ်ထူးချွန်တံဆိပ် (တတိယဆင့်)

၁၆၆။ ဦးစိန်ဝင်း ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၆၇။ ဒေါ်ခင်ကြွယ်ဦး ပါမောက္ခ(မြန်မာစာ)၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၆၈။ ဒေါ်အေးအေးနွယ် ပါမောက္ခ(သမိုင်း)၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၆၉။ ဒေါ်ခင်ကြည်ပြာ ပါမောက္ခ(စီမံ)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၇၀။ ဦးတင်ထွေး ဒုတိယအထွေထွေမန်နေဂျာ၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၇၁။ ဦးစိုး ကျောင်းအုပ်ကြီး၊ ရုံးချုပ်အခြေစိုက်မွမ်းမံလေ့ကျင့်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၇၂။ ဦးအေးကျော် ဒုတိယအထွေထွေမန်နေဂျာ၊ ပစ္စည်းဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၇၃။ ဦးစံတင် ရုံးအဖွဲ့မှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး။

၁၇၄။ ဦးခင်မောင်ညွန့် လက်ထောက်အထွေထွေမန်နေဂျာ၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၇၅။ ဦးဇော်ဝင်း(မ–၁၈၉၄) ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၇၆။ ဦးကျော်စိုး(မ–၆၉၄၃) ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၇၇။ ဦးမြသိမ်း(မ–၁၈၉၁) ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၇၈။ ဦးဝင်းမောင်(မ–၀၇၀၁)ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၇၉။ ဦးမောင်မောင်စိုး(မ–၀၆၇၃)ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၈၀။ ဦးဝင်းဆွေ အမှုဆောင်အင်ဂျင်နီယာ(ခ)(စက်မှု)ထောက်ရှာပင်ရေနံမြေ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၈၁။ ဦးရဲဝင်း အမှုဆောင်အင်ဂျင်နီယာ(ခ) (သယ်ပို့၊စက်ပြင်) သာကြီး တောင်ရေနံမြေ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၈၂။ ဦးမြင့်ဝေ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ(တူးဖော်ရေး)၊ အင်းတော်ရေနံအစမ်းတွင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ရုံးချုပ်)၊ စွမ်းအင်ဝန်ကြီးဌာန။

၁၈၃။ ဦးဘန်ချိန်း(၀၀၆၆) ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ တာဝန်ခံ အင်ဂျင်နီယာ၊အင်ဂျင်နီယာမြောက်ပိုင်းနယ်(မန္တလေး)၊ မြန်မာ့ရေနံ ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၈၄။ ဦးရွှေမြတ်သာ လက်ထောက်ဘူမိဗေဒအရာရှိ၊ စက်မှုနည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန။

၁၈၅။ ဦးအေးကို လက်ထောက်ဘူမိဗေဒအရာရှိ၊ စက်မှုနည်းပညာမြှင့်တင်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန။

၁၈၆။ ဦးမြင့်ဝင်း လက်ထောက်ကထိက၊ စက်မှုပုံစံပြုဌာန၊ အစိုးရစက်မှု လက်မှုသိပ္ပံ၊ အင်းစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၁၈၇။ ဒေါက်တာအေးအေးခိုင် သရုပ်ပြ၊ ဇီဝနည်းပညာဌာန၊ အစိုးရ နည်းပညာကောလိပ်၊ကျောက်ဆည်မြို့၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၁၈၈။ ဦးခင်မောင်ချို ဒုတိယပါမောက္ခချုပ်၊ မြိတ်တက္ကသိုလ်၊ မြိတ်မြို့၊ ပညာရေးဝန်ကြီးဌာန။

၁၈၉။ ဦးစိန်မြင့် ညွှန်ကြားရေးမှူး(စီမံ)၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၉၀။ ဦးအေးသိန်း ညွှန်ကြားရေးမှူး(ပညာ)၊ အမှတ်(၂)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၉၁။ ဦးလှအောင် ညွှန်ကြားရေးမှူး(ဘဏ္ဍာ)၊ အမှတ်(၂)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၉၂။ ဦးကျော်ဟိုး ညွှန်ကြားရေးမှူး(ပညာ)၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၉၃။ ဒေါ်မြမြကြည် ကျောင်းအုပ်ကြီး၊ တောင်ကြီးပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။

၁၉၄။ ဦးလှသန်း ပညာရေးအရာရှိ(ငြိမ်း)ကျွမ်းကျင်သူ၊ဝန်ကြီးရုံး၊ ပညာရေး ဝန်ကြီးဌာန။

၁၉၅။ ဒေါ်ခင်မျိုးမြင့် ပညာရေးအရာရှိ၊ ဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန။

၁၉၆။ ဦးတင်ဝင်း ပညာရေး သုတေသနအရာရှိ၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့၊ ပညာရေးဝန်ကြီးဌာန။

၁၉၇။ ဒေါ်မြင့်မြင့် လက်ထောက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန။

၁၉၈။ ဦးခင်မောင်စိန် လက်ထောက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန။

၁၉၉။ ဒေါ်ထွားတင် မြို့နယ်ပညာရေးမှူး၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်)၊ ပညာရေးဝန်ကြီးဌာန။

၂၀၀။ ဒေါ်တင်အေးဆင့် ကျောင်းအုပ်ကြီး၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်၊ ပညာရေးဝန်ကြီးဌာန။

၂၀၁။ ဦးကျော်စိုးမြင့် ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၂၀၂။ ဦးသန်းဇော် ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၂၀၃။ ဦးဇော်လင်း ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၂၀၄။ ဦးဉာဏ်ထွန်း ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၂၀၅။ ဦးမောင်ဝင်း ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၂၀၆။ ဦးတင်ဝင်း ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၂၀၇။ ဒေါက်တာစိန်ဝင်း ညွှန်ကြားရေးမှူး၊ (သုတေသန/ဖွံ့ဖြိုးရေး) တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၀၈။ ဦးခင်မောင်ဝင်း ညွှန်ကြားရေးမှူး(ဆေးဝါး)၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၀၉။ ကြည်း–၁၆၅၂၁ ဒုတိယဗိုလ်မှူးကြီးကျော်ဖြိုး ဥက္ကဋ္ဌ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တနင်္သာရီတိုင်း။

၂၁၀။ ကြည်း–၂၁၃၈၀ ဗိုလ်မှူးအောင်ဇော်လတ် ဥက္ကဋ္ဌ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၂၁၁။ ဗိုလ်မှူးချစ်မြိုင် အတွင်းရေးမှူး၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဧရာဝတီတိုင်း။

၂၁၂။ ဦးတလုပ်ကြီး ဥက္ကဋ္ဌ၊ ပေါက်တန်းကြီးကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။

၂၁၃။ ဦးမြင့်ကို ဥက္ကဋ္ဌ၊ ကျူတွမ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။

၂၁၄။ ဦးလှမြင့် ဥက္ကဋ္ဌ၊ လေးအိမ်တန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်း။

လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးဝင်းမြင့် ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန။

၂။ ဦးစိန်ထွန်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန။

၃။ ဦးတင်ဟန် နည်းပြချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန။

၄။ ဦးခင်ဇော် (ကေသီပန်)၊ ရုပ်ရှင်ဒါရိုက်တာ။

၅။ ဦးရွှေနန်းတင် ယဉ်ကျေးမှုကဇာတ်ရုံ၊ နန်းရှေ့ မန္တလေး။

၆။ ဦးရဲဒွေး တိုက်(တီ–ဝမ်း) အခန်း(၁၀၁) သုမင်္ဂလာအိမ်ရာ၊ နန္ဒဝင်းကုန်းရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။

၇။ အဝမ်းဦးစိုးမြင့် အမှတ်(၃၃)၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း တာမွေမြို့နယ်။

၈။ စောင်း ဦးသိန်းဟန် (ဖျာပုံသိန်းဟန်ကြီး)၊ ၃၆၅–ဘီ၊ ရွှေနှင်းဆီ ကျောင်းလမ်း၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၉။ ဆိုင်း ဦးစိန်လှမြိုင်၊ အမှတ်(၄၁)၊ ဘိုဥတ္တမလမ်း၊ ကြည့်မြင်တိုင် မြို့နယ်။

၁၀။ ဦးမြကြီး(နှဲ) တိုက်–၁၈၊ အခန်း(၃)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်း မြို့နယ်။

၁၁။ ဦးထွန်းရွှေ(အဆိုတော်) အမှတ် ၁၄၂၆၊ ကျန်းမာရေးဆေးရုံလမ်း၊ (၁) ရပ်ကွက်၊ ထူပါရုံ၊ သာကေတမြို့နယ်။

၁၂။ ဦးမင်းနောင် အမှတ် ၂၁၈၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ သမိုင်းစာတိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၁၃။ ဦးမောင်မောင်ကြီး တိုက်(အိပ်ချ်)၊ အခန်း၃၀၄၊ ဒု(ထပ်)၊ မနော်ဟရီ ရိပ်သာ၊ အမှတ် ၄၇၊ ဗဟိုလမ်း(လူမှုဝန်ထမ်းဝင်း)၊ အလုံမြို့နယ်။

၁၄။ ဦးလေးညွန့် အမှတ်(၈၄) မင်းလမ်း၊ မအူပင်မြို့။

၁၅။ ဦးမောင်မောင်လတ် တိုက် ၆၈၊ အခန်း၅ (ရေနံတိုက်) ဖဆပလ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

၁၆။ ဒေါ်တင်အေး(ထား) အမှတ် ၉၊ နဝဒေးလမ်း၊ မရမ်းကုန်းမြို့နယ်။

၁၇။ ဒေါ်နွဲ့နွဲ့စန်း တိုက် ၈၀၊ အခန်း ၁၊ ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

၁၈။ ဒေါ်အမာစိန် အမှတ် ၁၅၂၊ ၃၄လမ်း၊ ရန်ကုန်မြို့။

၁၉။ ဒေါ်စံရှားတင် (၄၂/၉) ဘီ ၃၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရန်ကုန်မြို့။

၂၀။ ဦးမြင့်သိန်း အရောင်းအဝယ်(ရေခဲရောင်းဝယ်ရေး)၊ အမှတ် ၁၃၃၉၊ ဗိုလ်ချုပ်(၃)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဦးတင်မောင်မြင့် ဈေးရောင်း၊ အမှတ် ၆၄၁၊ မင်းစေတီလမ်းသွယ်(၁)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဦးဝင်းမြင့် တောင်သူ၊ ဘောဂဗလဆန်စက်ရှေ့၊ စက်ကွေ့ရပ်၊ မြစ်ငယ်မြို့၊ မန္တလေးတိုင်း။

၂၃။ ဦးခင်စိုး ကျောင်းလုံခြုံရေး၊ အလက(၄)မရမ်းကုန်း၊ (၂)ရပ်ကွက်၊ ပညာရေးဝန်ကြီးဌာန။

၂၄။ ဦးမင်းခိုင်သန်း အလယ်တန်းပြ၊ အထက၊ ကမာဝတ်၊ မုဒုံမြို့နယ်၊ ပညာရေးဝန်ကြီးဌာန။

၂၅။ ဦးညွန့်ဝေ ဒု–ကြီးကြပ်ရေးမှူး(သစ်ခွဲစိတ်)၊ အမှတ်(၁) သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၆။ ဦးစိုင်းမြင့်အေး တပ်မတော်အငြိမ်းစား၊ အမှတ် ၂၀၃၊ မြသန္တာရပ်ကွက်၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်း။

၂၇။ ဦးမြမောင် အငြိမ်းစား၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ် ၃၆၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၈။ ဦးစိန်သန်း ပုံနှိပ်ကျွမ်းကျင်–၄(ဗလာ)၊ ဗလာစာအုပ်ချုပ်ဌာန၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၂၉။ ဒေါ်သန်းသန်းနွဲ့ စာရင်းစစ်၊ စာရင်းစစ်ချုပ်ရုံး။

၃၀။ ဦးတင်အေး အငြိမ်းစား၊ ၂၄/၂၀ရန်ပြေအရှေ့(၅)လမ်း၊၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၃၁။ ဦးမြင့်အောင်(ခ)မျိုးမြင့်မောင် ဦးစီးအရာရှိ(စုံစမ်းရေး)၊ စီမံရေးရာ ဌာနစု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၂။ ဦးစိုးမြင့် ဒု–ကြီးကြပ်ရေးမှူး၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ၊ အမှတ် (၈)လိုင်း၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၃။ ဦးစန်းဦး ထုတ်ကျွမ်း၊ အမှတ်(၂) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ ၁၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၄။ လေ–၁၈၈၄၉ တပ်ကြပ်ကြီး ဉာဏ်ဝင်း၊ တပ်ကြပ်ကြီး၊ ကွန်ပျူတာ ဌာနမှူးရုံး၊ လေတပ်(တပ်ဖွဲ့) ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၅။ ကိုယ်ပိုင်အမှတ်–၂၉၉၄၃၂ ဒုတိယအရာခံဗိုလ်ထွန်းမင်း တပ်မတော် မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၆။ ဦးမြင့်သန်း မထသခွဲ(၅)၊ ၃၈ ဘတ်(စ်)အစိမ်းလိုင်း၊ ယာဉ်လုပ်သား၊ ရန်ကုန်တိုင်း၊ ၂၅/ပြည်သာယာလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)။

၃၇။ ဦးစိုးရှိန် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအဖွဲ့၊ ဘဏ္ဍာငွေ ရှာဖွေရေးတွဲဖက်အတွင်းရေးမှူး၊ ၃၃၇/လှော်ကားလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဦးမြင့်ထွန်း (ဆလက/၃၂၀၆၅) အငယ်တန်းအင်ဂျင်နီယာ ၂ (လျှပ်စစ်)၊ရန်ကုန်အနောက်ပိုင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၉။ ဦးသန်းကြိုင် လုပ်သားမှူး၊ ရေသန့်စက် အင်ဂျင်နီယာဌာနစိတ်၊ အမှတ်(၂) အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၀။ ဦးကံညွန့် အမှုတွဲထိန်း၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (ပြင်ပသင်တန်း)၊ ပညာရေးဝန်ကြီးဌာန။

၄၁။ ဦးသိန်းရွှေ အဝတ်လျှော် ၄၊ နိုင်ငံတော်သမ္မတရုံး။

၄၂။ ဦးတင်လှ ယာဉ်မောင်း၊ ၇/၁၀/၂၁၇(ခ)ရွှေဝါဖူးပန်းခြံ၊ ရွှေပြည်သာ၊ ရန်ကုန်တိုင်း။

၄၃။ ဦးဝင်းမြင့် စက်မှုကျွမ်းကျင်(၅)၊ စက်ကိုင်၊ အမှတ်(၁) ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၄။ ဦးကျော်ထွန်း တိုင်းပညာရေးမှူး(စစ်ဆေး)ငြိမ်း၊ အမှတ်(၂) အခြေခံ ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းပညာရေးမှူးရုံး၊ မန္တလေး။

၄၅။ ဦးခင်မောင်ရွှေ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)၊ အထွေထွေ ရောဂါကုဆေးရုံကြီး၊ မန္တလေး၊ ကျန်းမာရေးဝန်ကြီးဌာန။

၄၆။ ဦးစိတ္တရ (ခ) ဦးရဲဆု သံဃာတော်၊ မဟာဝိဇ္ဇောဒယကျောင်းတိုက်၊ ဘုရားလမ်းရပ်ကွက်၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်း။

၄၇။ ဦးတင်ဝင်း ရုပ်ရှင်/ဓာတ်ပုံ (စက်မှု)၊ အမှတ်–၇၅၄၊ ပုဏ္ဏမီလမ်း (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၈။ ဦးမြင့်ဆွေ စက်မှုကျွမ်းကျင်–၁၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၄၉။ ဦးထွန်းမြင့် လုပ်သားမှူး၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီး ဌာန။

၅၀။ ဦးတင်မြင့် ဂဟော(၅)၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ သံကိုယ်ထည်(၁)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၁။ ဦးကြည်လင်း လုပ်သားမှူး (လုံခြုံရေး) နယ်မြေ၊ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၅၂။ ဦးစောအောင် လျှပ်စစ်ကျွမ်းကျင်(၃) လျှပ်စစ်ဌာန၊ စစ်ကိုင်း ချည်မျှင်နှင့် အထည်စက်ရုံအမှတ် (၁) စစ်ကိုင်း၊ အမှတ်(၁) စက်မှု ဝန်ကြီးဌာန။

၅၃။ ဦးသိန်းဟန် လက်ထောက်ကြီးကြပ်ရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရန်ကုန်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၅၄။ ဦးဝင်းဌေး စက်မှုကျွမ်းကျင် (၅)စက်ကိုင်၊ အမှတ် (၁) ပရိဘောဂ စက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဒေါက်တာသန်းတိုး အတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၂။ ဦးမိုးမြင့် အတွင်းရေးမှူး၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

7-1 (15).p65 1 3/28/05, 10:43 PM

စာမျက်နှာ ၁၅ မှ

၃။ ဦးအောင်စိုး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၄။ ဦးဇော်မင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၅။ ဦးစိုးမြင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘိလိယက်/စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၆။ ဒေါ်ကြူကြူ ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၇။ မခိုင်ခိုင်မော် အားကစားသမား၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၈။ မဆွေဆွေသန်း အားကစားသမား၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၉။ မကေသီဝင်း အားကစားသမား၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၁၀။ မခင်မိုးနွယ် အားကစားသမား၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၁၁။ ဦးစိုးမြင့် ဥက္ကဋ္ဌ၊ အမ်အက်ဖ်အက်ဖ်ကုမ္ပဏီ၊ ကချင်ပြည်နယ်။

၁၂။ ဦးအော် အမှတ် ၅၁၊ မင်္ဂလာလမ်း၊ အလယ်ကျွန်းရပ်၊ မြိတ်မြို့ တနင်္သာရီတိုင်း။

၁၃။ ဦးလှသန်း ဒါရိုက်တာ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ အမှတ်(၅၇)၊ ဗိုလ်ဗထူးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၁၄။ ပါမောက္ခဒေါက်တာဦးကိုလေး မျက်စိအထူးကုဆရာဝန်ကြီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ၊ မန္တလေးတိုင်း။

၁၅။ ဒေါ်သင်းသင်းမြတ် ၈၆၅(ခ)၊ မေတ္တာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

၁၆။ ဒေါ်ခင်စိုးဝင်း ၃၆၅ (ခ)၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဦးမောင်မောင်လေး ဈေးရောင်း၊ အမှတ် ၁၉၇၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ဦးယုတင်(ခ) ယုခင် ကုန်သည်၊ အမှတ် (၅၆/ဘီ) သန့်ဇင်လမ်း (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၁၉။ ဦးစိုးဟန် တရုတ်-မြန်မာပရိဘောဂစက်ရုံ၊ တောင်ဒဂုံမြို့နယ် ၁၂၈၁၊ နဝရတ် (၂)လမ်း၊ ၉ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ဦးအောင်ကြီး စက်ချုပ် (၉၄၀၃/ဘီ) အောင်ဆုပန်လမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၂၁။ ဦးတင်မောင်ဝင်း ဈေးရောင်း၊ အကွက် (၃၉၇) သံလျှက်မှော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၂၂။ မ-၇၅၀၂ မီးသတ်တပ်သားကြည်ညွန့် မီးသတ်ဦးစီးဌာန၊ စခန်းမှူးရုံး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၂၃။ ဦးအောင်မြင့် ရုံးအကူ၊ အုပ်ချုပ်မှုဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၂၄။ ဦးစိုးမြင့် အရောင်းအဝယ်၊ ၉/၄၇၉၊ ဇာနည် (၁၄)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဦးဝင်းနိုင် ဈေးရောင်း၊ အမှတ် ၆၀၊ ရွာလယ်လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆။ ဦးတင်အေး ဈေးရောင်း၊ အမှတ် ၃၆၊ ၆လွှာ၊ အင်းဝလမ်း ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၂၇။ ဦးကျော်ကျော်ဝင်း လက်သမား၊ ၃၇၁၊ ကန်သာယာလမ်း (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၈။ ဦးတင်မောင် အငြိမ်းစား (စက်မှု-၁)၊ ၁၃/၁၀၂၇/ယဿဝတီ (၁၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၉။ ဦးသိန်းကြည် အနေးယာဉ်၊ အမှတ် (၄၁၆) အောင်မင်္ဂလာ (၅) လမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်း။

၃၀။ ဦးအုန်းသောင်း ကျွမ်းကျင်(၄)စက်ဆင်၊ထရန်စမစ်ရှင်း ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၁။ ဦးတင်ညွန့် စက်မှုကျွမ်းကျင်(၄) စက်ဆင်၊လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) အချောကိုင်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၂။ ဦးသိန်းအောင် ကျွမ်းကျင်(၃)အလုပ်ကြပ် တွင်ရုံ၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၃။ ဦးအောင်ခင်မြင့် အလုပ်ရုံစိတ်မှူး(စီမံရေး)၊ဆပ်ပြာစက်ရုံ အမှတ်(၁) အုတ်ကျင်းဘူတာလမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၃၄။ လ-၆၈၁၀၉ ရဲတပ်ကြပ်လှထွန်း ရဲတပ်ကြပ် ရန်ကုန်တိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၅။ ဦးအောင်မော် ဈေးသည်၊ အကွက်(၆၂၁)၊ ဟေမာဇလရပ်ကွက်၊ တရုတ်တန်း လမ်း၈၀၊ ၂၉ x ၃၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၆။ ဦးဦးမြင့် ကုန်သည်နှင့် ရှိုင်းဟုပ် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ ၆၄/ခ၊ ချယ်ရီလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၇။ ဦးလှစိုး ပရိဘောဂစက်ရုံ အလုံ၊ အမှတ်(၃)ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊သစ်တောရေးရာဝန်ကြီးဌာန၊ လက်မှုကျွမ်းကျင်အဆင့်(၃)။

၃၈။ ဦးစိန်ဝင်း စက်မှုကျွမ်းကျင်(၅)၊ အင်ဂျင်နီယာ(အလုပ်ရုံ)ရန်ကုန်ရုံး၊ မြို့ပြအင်ဂျင်နီယာဌာနမြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၉။ ဦးလှကို(၇-၂/ဒ/၀၄၂၇)အလုပ်ရုံစိတ်မှူး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၄၀။ ဦးတင်မောင်ဝင်း (အ/၇၃၉၈၇)ခေတ္တအလုပ်ရုံခွဲမှူး၊ ဘဏ္ဍာရေးဌာန၊ တပ်မတော်သားရေစက်ရုံ မန္တလေး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄၁။ ဦးမျိုးထက် တေးသံရှင်၊ အမှတ်၄၈၊ ဒုတိယထပ်၊ ၂၂လမ်း၊ အမှတ်(၅) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဦးခင်မောင်ဦး အရောင်းအဝယ်၊ အကွက် ၂၅၅၊ ၈၉ x ၉၀ လမ်းကြား လမ်း ၃၀၊ အိမ်နံပါတ် ၆၈၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၄၃။ ဦးကြည်ရှိန် လုပ်သားမှူး၊ အမှတ် ၃ သစ်စက်၊ ဝါးတရာ (၁)အခြေခံစက်မှုနယ်မြေ၊ ရွှေပြည်သာ သစ်တောရေးရာဝန်ကြီးဌာန။

၄၄။ ဦးတင်ဝင်း လုပ်သားမှူး၊ ထုတ်လုပ်ရေး ၂၊ သစ်ခွဲစက်အမှတ် ၂၊ အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၅။ ဦးဂိုလာမ်(ခ)ဦးဇော်မင်း ကျပန်းလုပ်ငန်း၊ ခ/၁၉၇၊ ဇဝရတ်လမ်းနယ်မြေ ၆၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၆။ ဦးအောင်ခင်ဆွေ ကျွမ်းကျင်-၃(အငြိမ်းစား)၊မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ကန်တော်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၄၇။ ဦးတင်လှိုင် ဈေးရောင်း၊ ၂(က)စက်မှု ၂ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၄၈။ ဦးကောဝိဒ(ခ)ဦးမောင်လှိုင် သံဃာတော်၊ ပုပ္ဖာရုံကျောင်းတိုက်၊ (၇) အနောက်ရပ်ကွက်၊ မဟာသိမ်တော်ကြီး(သာကေတ)၊ ရန်ကုန်တိုင်း။

၄၉။ ဦးဌေးငွေ မန်နေဂျာဟောင်း၊ မြန်မာဆေးဂဲအင်တာနေရှင်နယ်လီမိတက် အမှတ်(၁/၃၆၇)နှင်းဆီလမ်း၊ တိုးချဲ့ (၁)ရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံ၊ ရန်ကုန်တိုင်း။

